


# "သောတာပန်၏အမြင်(၄)မျိုး"

## (ဖိုလ်ဝင်စားပုံ)

(၂-၃-၆၀)

၇၇

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာ(၄)ပါးတရားတော် အမှတ်စဉ်(၃၀)မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

0158

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌
ဟောကြားသော တရားတော်

# "သောတာပန်၏ အမြင်(၄)မျိုး"

(ဖိုလ်ဝင်စားပုံ)

(၂-၃-၆၀)

THITSARPARAMI LIBRARY
Date ..........................

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၀) မှ
ထုတ်နုတ် ပုံနှိပ်ပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီး၏
ဝိပဿနာတရားစဉ် နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၏
မူပိုင်ဖြစ်သည်။

မည်သူမျှ ကူးယူ ထုတ်ဝေခြင်း မပြုရ။

စာမူခွင့်ပြုအမှတ် ၇၅/၉၇ (၇)

အုပ်ရေ - ၅၀၀၀

**ထုတ်ဝေသူ** - ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်၊
အမှတ် (၈၂)၊ နတ်မောက်လမ်း၊
ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့်** - ဦးဉာဏ်အောင်စိုး (မြ-၀၅၃၆၉)
**အတွင်းပုံနှိပ်** ကျားမင်းအော့ဖ်ဆက်၊ အမှတ်(၉၂)၊
ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား
(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။

**စာအုပ်ချုပ်** - ဦးဉာဏ်အောင်စိုး ကျားမင်း စာအုပ်
ချုပ်လုပ်ငန်း၊ အမှတ်(၉၂)၊ ကမ္ဘောဇ
လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

☎ - ၂၄၆၅၀၈ - ၅၃၂၉၅၄

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌
ဟောကြားသော တရားတော်

# "သောတာပန်၏ အမြင်(၄)မျိုး"

(ဖိုလ်ဝင်စားပုံ)

(၂-၃-၆၀)

---

ဒကာ ဒကာမတို့ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ်သမ္မာဒိဋ္ဌိ၊ ဖိုလ်သမ္မာဒိဋ္ဌိ၊ ဒါတင်ပဲ စ,တော့မယ်...။ (မှန်ပါ့)၊ ဝိပဿနာ သမ္မာဒိဋ္ဌိက သူ့အမြင် ဘယ်လိုလဲလို့ မေးလို့ရှိရင် ဒကာ ဒကာမတို့ မနေ့က ရှင်းထားခဲ့တယ်၊ ဖြစ်ပျက်ကိုသာ မြင်တယ်၊ ခန္ဓာမမြင်တော့ဘူး...။ (မှန်ပါ့)။

ဝိပဿနာသမ္မာဒိဋ္ဌိက ဘာမြင်ပါလိမ့်...။ (ဖြစ်ပျက်ကိုသာ မြင်ပါတယ်၊ ခန္ဓာကို မမြင်ပါဘုရား)၊ အဲ...ခန္ဓာရယ်လို့ မမြင်တော့ဘူး၊ ဖြစ်ပျက်ကိုသာမြင်တယ်၊ ခန္ဓာမမြင်ဘူးလို့ မှတ်ထားပါ...။ (မှန်ပါ့)။

ကောင်းပြီ...၊ ဒါဖြင့် ခန္ဓာကို မမြင်၊ ဖြစ်ပျက်ကိုသာ မြင်သောကြောင့် ခန္ဓာကိုယ် စွန့်တယ်ဆိုတဲ့ အဓိပ္ပာယ်လဲ မနေ့က ပြောခဲ့ပြီ...။ (မှန်ပါ့)။

ငင်းဝိပဿနာ သမ္မာဒိဋ္ဌိသည် ဖြစ်ပျက်ကိုမြင်နေတဲ့အတွက် မြင်လို့ရှိရင် နောက်က ပဋိစ္စသမုပ္ပါဒ် ဆက်ရမှာတွေလဲ ဆက်သေးရဲ့လား…။ (မဆက်ပါဘုရား)၊ အဲဒီမဆက်တာ ထောက်မေးလိုက်ရင် တဏှာ,ဥပါဒါန်,ကံ,ကိုလဲ စွန့်ပြီးသား ကျတယ်…။ (မှန်ပါ့)။

**"ဝိပဿနာ သမ္မာဒိဋ္ဌိ"**

ဒါ့ကြောင့် ဝိပဿနာသမ္မာဒိဋ္ဌိသည် နှစ်ကိစ္စကို ကောင်းကောင်းရွက်ဆောင်တယ်လို့ မှတ်ပါ…။ (မှန်ပါ့)၊ ရှေ့ပိုင်းက ဖြစ်ပျက်သာ မြင်သောကြောင့် ခန္ဓာစွန့်တယ်…။ (မှန်ပါ့)၊ နောက်ပိုင်းက ပဋိစ္စသမုပ္ပါဒ်ကို ဝိပဿနာသမ္မာဒိဋ္ဌိက ဖြတ်လိုက်သောကြောင့် တဏှာ,ဥပါဒါန်,ကံတွေလဲ စွန့်တယ်…။ (မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာသမ္မာဒိဋ္ဌိသည် အလွန်ကျေးဇူးများတဲ့ သမ္မာဒိဋ္ဌိပဲဆိုလို့ရှိရင် မလွဲဘူးပေါ့ဗျာ…။ (မှန်ပါ့)။

ဝိပဿနာသမ္မာဒိဋ္ဌိသည် အရေးကြီးတယ်ဆိုတာ သာသနာတွင်းမှ ပေါ်လာလို့ အထူးတလည် အရေးကြီးတယ်လို့ မှတ်ကြစမ်း…။ (မှန်ပါ့)။

ဘယ်အချိန် ပေါ်ပါလိမ့်…။ (သာသနာတွင်းမှ

ပေါ်ပါတယ်ဘုရား)၊ သာသနာတွင်းမှ ပေါ်တယ်လို့ မှတ်ထားကြပါ...။ (မှန်ပါ့)။

ကောင်းပြီ...ဒါဖြင့် ဝိပဿနာသမ္မာဒိဋ္ဌိကဖြင့် ခရီးပေါက်ပြီ၊ မဂ်သမ္မာဒိဋ္ဌိကျတော့ မနေ့က ဘယ်လို ပြောခဲ့သတုံးဆိုတော့ ဝိပဿနာပြီး မဂ်ဆိုက်တဲ့ အခါကျလို့ရှိရင်ဖြင့် သူကလဲ တူတူပဲတဲ့၊ ခန္ဓာလဲ သူ မမြင်တော့ဘူး၊ မမြင်သောကြောင့် ခန္ဓာလဲ စွန့်ပြီးသားကျတယ်...။ (မှန်ပါ့)။

ခန္ဓာချုပ်ငြိမ်းတာကို မြင်သောကြောင့်လဲ နိဗ္ဗာန်ကို သူ မြင်တယ်ဆိုတာလဲ အမှန်ဖြစ်တယ်...။ (မှန်ပါ့)၊ နောက်က ဒိဋ္ဌိဝိစိကိစ္ဆာတည်းဟူသော ကိလေသာတို့ကိုလဲ သေသေချာချာဖြတ်နိုင်သောကြောင့် မဂ်ကတော့ သုံးကိစ္စ ဆောင်ရွက်တယ်လို့ မှတ်ထားကြပါ...။ (မှန်ပါ့)။

အဲဒီတော့ ဒကာ ဒကာမတို့ တို့သည်ကား...လို့ ဆိုရင်ဖြင့် ဝိပဿနာသမ္မာဒိဋ္ဌိတင် ရှိသေးသလား၊ မဂ်သမ္မာဒိဋ္ဌိ ရောက်ပလားလို့ဆိုတာ အလုပ်,လုပ်နေတဲ့ ပုဂ္ဂိုလ်တွေမှာတော့ ခြားခြားနားနားသိရလိမ့်မယ်နော်...။ (မှန်ပါ့)။

တို့က ဝိပဿနာ သမ္မာဒိဋ္ဌိတင်ရှိနေလို့ရှိရင် စူဠသောတာပန်လို့ မှတ်လိုက်...။ (မှန်ပါ့)၊ မဂ်သမ္မာဒိဋ္ဌိ ရောက်လို့ရှိရင်ဖြင့် မဟာ သောတာပန်လို့ မှတ်လိုက်...။ (မှန်ပါ့)၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာသမ္မာဒိဋ္ဌိက ဘာကို စွန့်သတုံး...။ (ခန္ဓာလဲစွန့်၊ တဏှာလဲ စွန့်ပါတယ် ဘုရား)၊ နိဗ္ဗာန်အစစ်တော့ မမြင်ဘူး...။ (မှန်ပါ့)။

ထိုကဲ့သို့ နိဗ္ဗာန်မမြင်တဲ့အတွက် ခန္ဓာစွန့်၊ တဏှာ စွန့်တာ နိဗ္ဗာန်မမြင်ဘဲနဲ့ စွန့်ရသည်ဖြစ်လေသောကြောင့် နိဗ္ဗာန်တည်းဟူသော ဆွဲကိုင်ရာကို မရသောကြောင့် တဏှာ ကို စွန့်တယ်ဆိုငြားသော်လဲ အမြင်မပြတ်ဘူး...။ (မှန်ပါ့)၊ ဘာ့ကြောင့်တုံး မေးလို့ရှိရင်ဖြင့် နိဗ္ဗာန်တည်းဟူသော ဆွဲကိုင် ရာ ကောင်းကောင်းမရသေးလို့...(မှန်ပါ့)၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

နိဗ္ဗာန်တည်းဟူသော တရားကို ဝိပဿနာဉာဏ်က ကောင်းကောင်းဆွဲကိုင်ရာ ရပလား...။ (မရသေးပါဘုရား)၊ အဲဒီကဲ့သို့ မရသေးတဲ့အတွက် ဘုန်းကြီးတို့ ဒကာ ဒကာမ တွေ၌ ကိလေသာကို ဖြတ်တဲ့နေရာမှာ အမြစ်နဲ့တကွ မပြတ် ဘူးဆိုတဲ့ဥစ္စာ မှတ်ထားပါ...။ (မှန်ပါ့)။

## "မဂ်သမ္မာဒိဋ္ဌိ"

မဂ်သမ္မာဒိဋ္ဌိကတော့ နိဗ္ဗာန်တည်းဟူသော ဆွဲကိုင်ရာ ကို ကောင်းကောင်းရတဲ့အတွက် ခန္ဓာလဲစွန့်၊ နိဗ္ဗာန်ကို ဆွဲကိုင်တယ်ဆိုတာ သူ့ အာရုံပြုတာပါပဲ...။ (မှန်ပါ့)။

ထိုကဲ့သို့ အာရုံပြုနိုင်သောကြောင့် နိဗ္ဗာန်တည်းဟူ

သော တရားကို ဆွဲကိုင်ပြီးသကာလ ကိလေသာကို ဖြတ်ရ သည် ဖြစ်လေသောကြောင့် ဒိဋ္ဌိဝိစိကိစ္ဆာ အမြစ်နဲ့တကွ ပြတ်တယ်လို့ ဦးခင်မောင်တို့၊ ဦးဘအုန်းတို့ မှတ်ဖို့ပေါ့...။ (မှန်ပါ့)။

ကောင်းပြီ...ဒါဖြင့် ဒကာ ဒကာမတို့ မဂ်ရပြီးရင် ဖိုလ်ဆိုတာသည် အကာလိကောလို့ မှတ်လိုက်တာပေါ့...။ (မှန်ပါ့)၊ အကာလိကော အခါမလင့် အကျိုးပေး၏ဆိုတော့ မဂ်ရပြီးချင်း ဖိုလ်ရ,ရပါလို၏လို့ တောင့်တဖို့ မလိုပါဘူး...။ (မှန်ပါ့)၊ လိုသေးသလား...။ (မလိုပါဘုရား)၊ မဂ်ပြီး ဖိုလ်လာတာပဲ...။ (မှန်ပါ့ဘုရား)၊ ဘာ့ကြောင်းတုံး...လို့ မေးတဲ့အခါကျလို့ရှိရင် အနန္တရပစ္စယော၊ အခြားမရှိ၍ ကျေးဇူးပြုတယ်ဆိုတော့ မဂ်ပြီး ဖိုလ်လာတာပဲ...။ (မှန်ပါ့)၊ မဂ်ချုပ်သွားပြီး ဒီနေရာ ဘယ်သူ လာပါလိမ့်...။ (ဖိုလ်လာ ပါမယ်ဘုရား)၊ ဟဒယဝတ္ထုပေါ်မှာ ဖိုလ်လဲ လာမယ်ဆိုတာ ဒကာ ဒကာမတွေ သတိထားပါ...။ (မှန်ပါ့)။

ကောင်းပြီ...ဒါဖြင့် ဒီအထဲမှာ အလုပ်သမားတွေလဲ အများကြီးပါကြပါတယ်၊ အဲဒီတော့ ကိုယ့်ဟာကိုယ် ဆုံးဖြတ် ချက် ချနိုင်တဲ့ အခြေအနေရောက်အောင်တော့ဖြင့် လုပ်လဲ လုပ်ထားကြပါ...။ (မှန်ပါ့)။

ဒီနေ့ ပြောမယ့် အဓိပ္ပါယ်သည် ဖိုလ်ဝင်စားတဲ့ အဓိပ္ပါယ်ကို နောက်ဆုံးပိတ်မှ ပြောမယ်၊ အရင်ပြောလိုတာ

က တို့သည် သောတာပန်တည်ပလား...မတည်သေးဘူး လား၊ တည်ခဲ့သော် အမြင်ကို ရှင်းအောင်ပြောမယ်...။ (မှန်ပါ)၊ ဒါ ကိုယ့်ဟာကိုယ် အကဲခတ်ကြပေါ့ဗျာ...။ (မှန်ပါ)။

ဘုန်းကြီးကတော့ဖြင့် သြော်...ဒကာ ဒကာမတွေ အပါယ်လေးပါးကို သေသေချာချာ တံခါးပိတ်တဲ့အမြင်ဟာ ဒီအမြင်လို့ ပြောပြမယ်...။ (မှန်ပါ)၊ အပါယ်လေးပါး တံခါးမပိတ်သေးတဲ့ အမြင်က တစ်မျိုး၊ အပါယ်လေးပါး တံခါးပိတ်တဲ့ အမြင်က တစ်မျိုး၊ ဦးဘအုန်း အမြင်နှစ်မျိုး ရှိတယ်လို့ မှတ်ကြပေါ့ဗျာ...။ (မှန်ပါ)။

ကောင်းပြီ...ဒါဖြင့် ဒကာ ဒကာမတို့ ဒါဟာ ဘယ်မှာ လာသတုံးလို့ မေးတဲ့အခါကျတော့မှ အရေးတကြီး မှတ်ရ လိမ့်မယ်၊ မူလပဏ္ဏာသပါဠိတော်မှာ လာတယ်၊ ပါဠိတော် ဆိုတော့ ဒကာ ဒကာမတွေ မှတ်ရမှာက သြော်...ဘုရား ကိုယ်တော်တိုင် ဟောတာပါလားလို့...(မှန်ပါ့ဘုရား)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

သူများ ဟောတာကို ထောက်ခံပေးတာမျိုးတောင် မဟုတ်ပါဘူး၊ ကိုယ်တော်တိုင် ဘုရားသခင်ကိုယ်တော်မြတ် ကြီး ဖွင့်ဟပြီး ဟောတော်မူတာလို့ ဦးခင်မောင်တို့ မှတ်ရလိမ့်မယ်...။ (မှန်ပါ့ဘုရား)။

ဒါဖြင့် သေတာပန်တည်ပြီးသား ပုဂ္ဂိုလ်၏ အမြင်ကို ပြောပါမယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို သစ္စက

ပရိဗိုဇ်က မေးလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သောတာပန်အမြင်ဆိုတာ ဒါပဲပော့…လို့ နှုတ်ဖွင့်ဟပြီး ဟောတာကို ဒကာ ဒကာမတွေ ကြားရမယ်…။ (မှန်ပါ့)။

မရောက်သေးတဲ့ ပုဂ္ဂိုလ်က ဒီအမြင်ကို ရောက်အောင် လုပ်ပါ…။ (မှန်ပါ့)၊ ရောက်ပြီးသား ပုဂ္ဂိုလ်များကတော့ စိတ်ချတော့၊ အပါယ်လေးပါး တံခါးပိတ်ပြီ…။ (မှန်ပါ့)၊ သံသရာခရီးမှာဖြင့် ဒုက္ခတွေဟာ အများကြီး ကုန်သွားပြီ၊ အနည်းငယ်သာ ကျန်တော့တယ်ဆိုကြပါစို့…။ (မှန်ပါ့)။

ကိုင်း…သစ္စကပရိဗိုဇ်ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဖြေကြားလို့ သစ္စကပရိဗိုဇ်နဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး အမေးအဖြေ လုပ်တယ်ဆိုတာလဲ ရှေ့ပိုင်းက အသာထားခဲ့ပါတော့…။ (မှန်ပါ့)။

နောက်တော့ သစ္စကပရိဗိုဇ် ရှုံးပါတယ်၊ အမေးအဖြေ လုပ်တဲ့နေရာမှာ…(မှန်ပါ့)၊ ရှုံးတော့ သူဟာ မေးစရာ ဘာမှ မရှိတော့ သူ့ကိုပဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက လက္ခဏာရေးသုံးပါးတွေ ဟောတယ်၊ ဟောပေမယ့်လဲ သူက ကျွတ်ထိုက်တဲ့ သူ မဟုတ်လို့ မကျွတ်ခဲ့ပါဘူး၊ ထိုဘဝမှာ… (မှန်ပါ့)။

ဘုရားဟောလို့ ပုဂ္ဂိုလ်တိုင်း ကျွတ်တမ်းဝင်သွားတာ ပဲလို့ ဒီလို မယူကြနဲ့၊ တချို့ မကျွတ်တဲ့ပုဂ္ဂိုလ်တွေလဲ ရှိသေး

တယ်၊ ဝါသနာဘာဂီက အကျိုးသာ ရသွားကြတယ်...။ (မှန်ပါ့)။

သစ္စကပရိဗိုဇ်ကို သေသေချာချာ လက္ခဏာရေးသုံးပါး ဟောတာပဲ၊ ဟောပင်ဟောငြားသော်လဲ ကျွတ်ပါရဲ့လား...။ (မကျွတ်ပါဘုရား)၊ ဝါသနာပါသွားရုံပဲ ကျေးဇူးများတယ်လို့ မှတ်ထားလိုက်ကြပါ...။ (မှန်ပါ့)။

ဒါနဲ့ မေးစရာ သူ ကုန်ရော၊ ကုန်တဲ့အခါကျတော့မှ သူ့ဉာဏ်ထဲမှာ ပေါ်လာတာ၊ သူ ဘယ်လိုမေးလိုက်သတုံး ဆိုတော့ အရှင်ဘုရား...တိတ္ထိဆရာကြီး ခြောက်ယောက်တို့ သာသနာမှာတော့ဖြင့် သူတို့တပည့်တွေဟာ မက္ခလိဂေါသာလဆီ သွားလိုက်၊ ပုရာဏကဿပဆီ သွားလိုက်နဲ့၊ တပည့်တွေက တောင်ပြောင်း မြောက်ပြောင်းနဲ့ ပြောင်းချင်သလို ပြောင်းရွှေ့ကြပြီး ရှုပ်ပွေနေတာဘုရား...တဲ့၊ အယူဝါဒ တစ်ခုခုဆီမှာ မမြဲကြဘူးပေါ့ဗျာ...။ (မှန်ပါ့)။

တိတ္ထိဆရာကြီးတွေက အမျိုးမျိုးအဖုံဖုံ တရားဓမ္မတွေ ဟောကြငြားသော်လဲ တပည့်တွေက မြဲကြရဲ့လား...။ (မမြဲပါဘုရား)၊ ဟိုဆရာဆီရောက်သွား၊ ဒီဆရာဆီရောက်သွား ဆိုတာ အယူမမြဲလို့ ရောက်သွားတာလို့ မှတ်လိုက်ကြစမ်းပါ...။ (မှန်ပါ့)။

သစ္စကပရိဗိုဇ်က အဲဒါတွေသာမြင်တယ်၊ တစ်ခါ

ဘုရားသာသနာတော်မှာ ကြည့်လိုက်တော့ ဘုရား၏ တပည့်သားတွေ၊ သောတာပန်တည်ပြီးသားပုဂ္ဂိုလ်တွေဟာ ဘယ်သာသနာမှ မသွားကြဘူး၊ မက္ခလိဂေါသာလဆီကိုလဲ မသွား၊ ပုရဏဆီလဲ မသွား၊ သိဥ္စည်းဆီလဲ မသွား၊ ဒီ သာသနာတော်မှာပဲ မြဲမြဲစွဲစွဲကြီး ကြိုးစားအားထုတ်ပြီးသကာလ...ဒီမှာပဲ နေကြတော့တာပဲ၊ ဘယ်သာသနာကိုမှ ပြောင်းခြင်း၊ ရွှေ့ခြင်း မရှိဘူး...။ (မှန်ပါ့)၊ အဲဒါကိုလဲ သစ္စကပရိဗိုဇ်က မြင်ပြန်တာပဲ...။ (မှန်ပါ့)။

**သစ္စကပရိဗိုဇ်၏ မေးမြန်းချက်**

မြင်တော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို လျှောက်တယ်၊ အရှင်ဘုရား...တခြားသော သာသနာမှာ တပည့်တွေကတော့ဖြင့် ဟိုပြောင်း ဒီပြောင်းနဲ့၊ အယူဝါဒ မမြဲကြဘူး၊ အရှင်ဘုရား သာသနာတော်က တပည့်တွေကတော့ အရှင်ဘုရား သာသနာမှတစ်ပါး ဘယ်မှ မပြောင်း မရွှေ့ကြပါဘူး၊ အဲဒါ ဘယ်သဘောလဲ...တဲ့၊ ဦးခင်မောင် မေးပြီနော်...။ (မှန်ပါ့)။

အဲဒီတော့ ဒကာ ဒကာမတွေ လေးစားစွာနဲ့ မှတ်စမ်းပါ၊ ဘုရားက ငါဘုရား သာသနာတော်မှာရှိတဲ့ တပည့်တွေကတော့ အမြင်မှန် ရသွားကြတယ်ကွာ...ဒါ့ကြောင့် အမြင်မှန်ကို သူတစ်ပါး ပြောသံကြားနဲ့ မြင်တာမဟုတ်ဘူး၊ ကိုယ်

တိုင် အမြင်ရသွားလို့ မပြောင်းကြဘူးတဲ့...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

သူများ ပြောသံကြားနဲ့ မြင်တဲ့အမြင်မျိုး မဟုတ်ဘူး၊ ကိုယ်တိုင်မြင်တဲ့ အမြင်မျိုး ဖြစ်သောကြောင့် မပြောင်းဘူး... တဲ့၊ အဲဒါ မပြောင်းတဲ့အကြောင်းကို...

> တွေ့ာဝတာ ခေါ အဂ္ဂဝေဿန သတ္တုသာသနကာ ရော ဩဝါဒကာရော တိဏ္ဏ ဝိစိကိစ္ဆော ဝိဂတ ကထံကတော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္တုသာသနေ ဝိဟရတိ...။

## “သောတာပန်ပုဂ္ဂိုလ်၏အမြင်မှန်(၄)မျိုး”

ဒါ ကိုယ်တော်မြတ်ကြီးက သစ္စကပရိဗိုဇ်ကို သေသေချာချာ ဟောလိုက်တယ်...။ (မှန်ပါ့)၊ ဒါ သောတာပန်တည်ပြီးသား ပုဂ္ဂိုလ်တို့၏ အမြင်ကို အကျယ်ပြောမလို့ဆိုတာ ဒကာ ဒကာမတွေ မှတ်ပေတော့...။ (မှန်ပါ့)၊ သောတာပန်တည်ပြီးသားပုဂ္ဂိုလ်၏ အမြင်မှန်ကို ပြမယ်...။ (မှန်ပါ့)။

သောတာပန်တည်ပြီးသား ပုဂ္ဂိုလ်တော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောတယ်၊ ရုပ်တွေ,နာမ်တွေဟာ ဖြစ်ပြီး ပျက်တဲ့ သဘောချည့်ပဲ၊ အဲဒီ ဖြစ်ပြီးပျက်တဲ့ သဘောကြီးပဲဆိုတော့ သူတို့ကလဲ ဖြစ်ပြီးပျက်တဲ့သဘော ပဲ၊ မရ,ရအောင် ရှာပြီး ကြည့်ကြတယ်နော်...။ (မှန်ပါ့)၊

ဒီအတိုင်းပဲ ကြည့်လဲကြည့်၊ အားလဲထုတ်၊ ဒီလိုဖြစ်သွားတယ်...။ (မှန်ပါ့)။

ဒီလိုမြင်သွားတော့ သူတို့စိတ်ထဲမှာ အမြင်က ဘယ်လိုဖြစ်လာသတုံး၊ ပထမဖြစ်ပျက်တွေ မြင်လိုက်တယ်၊ ဖြစ်ပျက်တွေ မြင်ပြီးသကာလ ဖြစ်ပျက်ကိုပဲ လုပ်ရမယ်ဆိုတော့ ဖြစ်ပျက်ပဲ သူတို့ရှုတယ်၊ ရှုတဲ့အခါကျလို့ရှိရင် သူတို့စိတ်ထဲမှာ ဘယ်လိုပေါ်လာသတုံးဆိုတော့ ပုဂ္ဂိုလ်ရယ်လို့၊ သတ္တဝါရယ်လို့ ကိုယ့်ခန္ဓာ ကိုယ်ကြည့်လိုက်၊ ပုဂ္ဂိုလ်သတ္တဝါကို ရှာမတွေ့ဘဲနဲ့ ပုဂ္ဂိုလ်သတ္တဝါ လုံးဝမရှိဘူးဆိုတဲ့ အမြင်သာပေါ်တယ်...။ (မှန်ပါ့ဘုရား)။

တိဏ္ဏဝိစိကိစ္ဆော ဆိုတဲ့ လွန်မြောက်ပြီးသော ဝိစိကိစ္ဆာ ရှိသွားတယ်၊ ပုဂ္ဂိုလ်သတ္တဝါ မရှိဘူးဆိုတဲ့သဘောဟာ သူ့စိတ်ထဲမှာ သူ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ထားတယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

တရားတွေ ကြည့်လိုက်တဲ့အခါကျတော့ အဖြစ်နဲ့ အပျက်ပဲ တွေ့တယ်...။ (မှန်ပါ့)၊ ပုဂ္ဂိုလ်သတ္တဝါဖြင့် ရှာလို့ကို မတွေ့ဘူး...။ (မှန်ပါ့)၊ အဲဒီအမြင်မှန်ကို ရှေးဦးစွာ စ,ပြီး ရတယ်ကွ...တဲ့...။ (မှန်ပါ့)။

## (၁) "ပုဂ္ဂိုလ်သတ္တဝါ လုံးဝမရှိ"

ဒကာ ဒကာမတို့ ဒါ...သောတာပန်အမြင်မှန်နော်...။ (မှန်ပါ့)၊ သောတာပန်တည်ပြီးတဲ့ ပုဂ္ဂိုလ်၏အမြင်မှန်က ကိုယ့်ခန္ဓာ ကြည့်လိုက်လိုက်၊ သူတစ်ပါးခန္ဓာ ကြည့်လိုက်လိုက်၊ အလုပ်ခွင်ဝင်ပြီး စိုက်ကြည့်လိုက်တဲ့အခါကျလို့ရှိရင် ပုဂ္ဂိုလ်လဲ မရှိဘူး၊ သတ္တဝါလဲ မရှိဘူး၊ ဓမ္မတစ်ခု ဖြစ်ပြီး ပျက်တယ်၊ နောက် ဓမ္မတစ်ခုဖြစ်ပြီး ပျက်တယ်၊ နောက်ဓမ္မ တစ်ခု ဖြစ်ပြီးပျက်ပြန်တယ်၊ ဒါတွေပဲ တွေ့ပြီးသကာလ နေသောကြောင့် သူ့မှာ ပုဂ္ဂိုလ် သတ္တဝါ လုံးဝ မရှိဘူး၊ ပုဂ္ဂိုလ် သတ္တဝါရှိတယ်ဆိုတဲ့ သံသယ အကုန်ပြုတ် ထွက်သွားတယ်...။ (မှန်ပါ့)၊ ပုဂ္ဂိုလ် သတ္တဝါ ရှိသေးသလား၊ မရှိဘူးလားဆိုတဲ့ သံသယ သူ့မှာ လွန်မြောက်သွားတယ်...။ (မှန်ပါ့ဘုရား)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)၊ ဒါ... သောတာပန်အမြင်နော်...။ (မှန်ပါ့ဘုရား)။

ခန္ဓာကြည့်လိုက်တဲ့အခါကျတော့ ဖြစ်တာနဲ့ ပျက်တာပဲ၊ ဓမ္မကလေးတွေ တွေ့ပြီးသကာလ သြော်...ပုဂ္ဂိုလ် သတ္တဝါဆိုတာ လုံးဝမရှိတာပါကလား၊ **တိဏ္ဏဝိစိကိစ္ဆော** ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ၊ **ပုဂ္ဂိုလ်သတ္တဝါ၌ ယုံမှားခြင်းကို လွန်မြောက် ကူးခတ်သွားတယ်**...တဲ့...။ (မှန်ပါ့)။

အဲဒါကြောင့်လဲ ဒီသာသနာတော်မှာနေတဲ့ပုဂ္ဂိုလ်ဟာ

ဘယ်သာသနာ, ဘယ်အယူဝါဒကိုမှ မရှေ့တော့ဘူး...။ (မှန်ပါ့)၊ ဒီလိုမြင်နေလို့ မရှေ့တာ...။ (မှန်ပါ့)၊ ပုဂ္ဂိုလ် သတ္တဝါ ခန္ဓာထဲမှာ ရှာလို့ကို မတွေ့ဘူး...။ (မှန်ပါ့)။

ဒါက ဒကာ ဒကာမတွေက ထူးထူးလည်လည် ဖတ်ပါ၊ အလုပ်ခွင်ကို ဆိုတာပါ...။ (မှန်ပါ့)။

အိမ်မှာရောက်လို့ အလုပ်ဝင်တဲ့အချိန်ကျတော့ ငါ့သားပဲ၊ ငါ့သမီးပဲ၊ ငါ့မြေးပဲ၊ ငါ့မြစ်ပဲ ဒါ ရှိတာပါပဲ၊ ကိစ္စမရှိပါဘူး၊ သားသေလို့ ငိုတာ ငိုပစေ၊ သမီးသေလို့ ငိုတာ ငိုပစေ၊ သောတာပန်များ ငိုတာ ရှိပါသေးတယ်၊ အထူးအဆန်း မဟုတ်ပါဘူး၊ ငိုတတ်တဲ့ တရားမှ သူ မပယ်ရသေးရင် ငိုသေးတာပေါ့...။ (မှန်ပါ့)၊ ငိုတတ်တာက ဒေါသကိုး၊ ဒေါသမှ သူ အကုန်မပယ်သေးဘဲကိုး...။(မှန်ပါ့)။

သို့သော်...သောတာပန်တို့၏အမြင်ကတော့ တရားနဲ့ ခန္ဓာစိုက်လိုက်လို့ရှိရင် ပုဂ္ဂိုလ် သတ္တဝါ အဟုတ်မရှိပါကလား လို့ သူ့ဉာဏ်ထဲမှာ ရှင်းနေတယ်...။ (မှန်ပါ့)။

အလုပ်,လုပ်တဲ့အခါမှာ...(ပုဂ္ဂိုလ် သတ္တဝါ မရှိပါ ဘုရား)၊ အဟုတ်မရှိဘူးဆိုတာ သူ့ဉာဏ်ထဲမှာ ရှင်းနေ တယ်...။ (မှန်ပါ့ဘုရား)။

အဲဒီဉာဏ်ရလို့ရှိရင် ဒကာ ဒကာမတို့ ဘယ်အယူ ဝါဒ ဘယ်ဘာသာခြားက ဆွဲဆွဲ ဆွဲချင်တာကဆွဲ မရတော့ ဘူး...တဲ့...။ (မှန်ပါ့)။

ဒါမှ မရသေးလို့ရှိရင် ဒကာ ဒကာမတို့ မွဲလို့၊ ပစ္စည်းရှားပါးလို့ ပြောင်းသွားတာလဲ ရှိတယ်...။ (မှန်ပါ)၊ သံယောဇဉ် သမုဒယကြောင့် ပြောင်းသွားတာကော... (ရှိပါတယ်ဘုရား)၊ အဲဒါတွေဟာ ဒကာ ဒကာမတို့ ခုနင်က ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို မပယ်နိုင်သေးလို့ ပြောင်းသွားတာ...။ (မှန်ပါ)။

ဒါကြောင့် တခြားသော သာသနာမှာနေတဲ့ ပုဂ္ဂိုလ်ဟာ ဟိုပြောင်းလိုက်၊ ဒီပြောင်းလိုက်ဆိုတာ ရိပ်မိကြပလား...။ (ရိပ်မိပါပြီဘုရား)။

သံသယဝိစိကိစ္ဆာက မပယ်ရသေးတော့ ဆုံးဖြတ်ချက်က မကျသေးတဲ့အတွက် ပြောင်းသွားသည်လို့ သေသေချာချာမှတ်ပါ...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အရေးတကြီးပြောရမည့်စကား အချိန်ရောက်လာတယ်လို့ ဦးဘအုန်းဆိုကြစို့တော့...။ (မှန်ပါ)။

ဘယ်လိုကြောင့်တုံး...ဆိုတော့ အခု ဘုရားဒကာ, ကျောင်းဒကာရဲ့ သားတွေ၊ သမီးတွေ၊ ဗုဒ္ဓဘာသာအစစ်ရဲ့ သားတွေ၊ သမီးတွေ ကေန်ဖြစ်ကြပြားသော်လဲ သြော်... တို့တော့ဖြင့် ဒီဘဝ စိတ်အေးရပြီ၊ ဘယ်မှ ပြောင်းရွှေ့စရာ မရှိဘူးလို့ ဒီလိုမယူလိုက်ပါနဲ့...။ (မှန်ပါ)။

ဝမ်းထဲက ဝိစိကိစ္ဆာကလေး ရှိနေသေးလို့ရှိရင် မဂ်နဲ့ မပယ်ရသေးလို့ အဖြစ်နဲ့အပျက်မှတစ်ပါး ဘာမှ မရှိဘဲဆိုတဲ့ ဆုံးဖြတ်ချက်မှ မကျသေးရင် အယူတစ်ပါးသို့ ပြောင်းသွားနိုင်သေးတယ်လို့ မှတ်ပါ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

အယူတစ်ပါးသို့ ပစ္စည်းဥစ္စာနဲ့ ဖြားယောင်း, ဖြားယောင်း၊ သံယောဇဉ်နဲ့ ဖြားယောင်း,ဖြားယောင်း ပြောင်းနိုင်သေးတယ်ဆိုတာ သေသေချာချာမှတ်ပါ...။ (မှန်ပါ့)၊ ကိုမြရွှေ တော်တော်အရေးကြီးတယ်နော်...။ (ကြီးပါတယ်ဘုရား)။

ဒါဖြင့် အယူတစ်ပါး ပြောင်းကြတယ်ဆိုတာ ဝိစိကိစ္ဆာ မကုန်သေးလို့ ပြောင်းတာပဲ...။ (မှန်ပါ့)၊ ဝိစိကိစ္ဆာမပယ်နိုင်သေးတဲ့အတွက် ပြောင်းတာပဲ...။ (မှန်ပါ့)၊ ဦးခင်မောင် ဒါဟာ အရေးကြီးလို့ ဒီနေ့ စိပ်ပြီး ပြောနေတယ်နော်...။ (မှန်ပါ့)။

ဒကာ ဒကာမတို့ အယူမပြောင်းတဲ့အဖြစ်ဟာ ကိုယ်တိုင် အယူမှန် ရထားမှနော်...။ (မှန်ပါ့)၊ ခန္ဓာကိုယ်ထဲမှာ လျှောက်ပြီး ကြည့်လိုက်တဲ့အချိန်မှာ ပဋိစ္စသမုပ္ပါဒ် ဓမ္မတွေ အကြောင်း တိုက်ဆိုင်လို့ ပေါ်လာတယ်လို့ ကြည့်လိုက်တဲ့ အခါကျတော့ ဘယ်မှာတုံး...ပုဂ္ဂိုလ်ဆိုတာလဲ မရှိဘူး၊ သတ္တဝါဆိုတာလဲ မရှိဘူး၊ ယောကျ်ားလဲ မရှိဘူး၊ မိန်းမလဲ

မရှိဘူး၊ ဓမ္မသဘောအတိုင်းဖြစ်ပြီး ဓမ္မသဘောအတိုင်း ပျက်နေတာပဲ...။ (မှန်ပါ့)။

ဓမ္မဖြစ်၍ ဓမ္မပျက်ပဲရှိတယ်၊ ဒီလိုသိပြီးနေတဲ့ပုဂ္ဂိုလ်ကတော့ ဓမ္မဖြစ်ပြီး ဓမ္မပျက်တာသာရှိတယ်လို့ ဆုံးဖြတ်ချက်ချပြီးနေတဲ့ ပုဂ္ဂိုလ်ဟာ ဝိစိကိစ္ဆာလွန်မြောက်သွားသောကြောင့် (ဝါ)ဝိစိကိစ္ဆာ ခန္ဓာကိုယ်ထဲမှာ မရှိသောကြောင့် ဘယ်အယူဝါဒသို့ ပြောင်းလို့ လွှဲလို့ သွားလိမ့်မလဲဆိုတာ မရှိတော့ဘူး...။ (မှန်ပါ့)၊ နို့မဟုတ်လို့ရှိရင် ဒီဘဝ ဘုရားဒကာ၊ ကျောင်းဒကာကြီး၊ နောက်ဘဝကျလို့ရှိရင် တခြားအယူဝါဒဖြစ်ဦးမှာပဲ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီလိုဆိုလို့ရှိရင်ဖြင့် ကျုပ်တို့ဟာ အပါယ်လေးပါး ဘယ်မှာ စိတ်ချရတော့မတုံး...။ (မချရပါဘုရား)၊ ဒိဋ္ဌိဝိစိကိစ္ဆာရှိသေးတယ်လို့ ဦးခင်မောင်ဆိုထိုက် မဆိုထိုက်...(ဆိုထိုက်ပါတယ်ဘုရား)။

ကောင်းပြီ...ဒါဖြင့် ဒကာ ဒကာမတို့ ဒီအခြေအနေဆိုက်အောင် လုပ်ထားစမ်းပါဆိုတာ ဘုန်းကြီးက တိုက်တွန်းတယ်...။ (မှန်ပါ့)၊ ခန္ဓာကိုယ်ကြည့်တဲ့အခါကျတော့ ဒီအတိုင်း ခင်ဗျားတို့ဖြင့် သားသမီး မိဘကြည့်၊ ဒီကြည့်တာမျိုးကို မဆိုပါဘူး၊ အလုပ်ခွင်ဝင်တဲ့အချိန်မှာ သေသေချာချာကြည့်၊ ခန္ဓာကိုယ်ထဲမှာ အခု ပေါ်လာတဲ့ စိတ်ကလေး

ကြည့်လိုက်၊ အခုဖြစ်ပြီး အခုပျက်သွားတာပဲ၊ ဘယ်မှာတုံး၊ ယောကျ်ားလား၊ မိန်းမလား၊ ငါလား၊ သူလားလို့ ကိုယ်ပိုင် ကြည့်လိုက်တာပေါ့နော်...။ (မှန်ပါ့)။

ကိုယ်ပိုင်ကြည့်လိုက်တဲ့အခါကျတော့ ဖြစ်တာနဲ့ ပျက်တာပဲ တွေ့မှာပဲ...။ (မှန်ပါ့)၊ တခြား ဘာတွေ့စရာ ရှိသေးသတုံး...။ (ဘာမှ မတွေ့ပါဘုရား)၊ ဘာမှ တွေ့စရာ မရှိဘူး၊ ဖြစ်တာနဲ့ ပျက်တာပဲ တွေ့မယ်ဆိုတော့ ဩော်...ပုဂ္ဂိုလ် သတ္တဝါဆိုတာ လုံးဝမရှိတဲ့ သဘောပါကလားလို့ ကိုယ့် ဉာဏ်ထဲ ရှင်းသွားလို့ရှိရင် အဲဒါ သောတာပန်အမြင်လို့ မှတ်ပါ...။ (မှန်ပါ့)၊ ဒါ အမြင်မှန်ပဲလို့ မှတ်ကြပါ၊ သဘော ပါကြပလား...။ (ပါ,ပါပြီဘုရား)။

ဒါဖြင့် အမြင်မှန်ဆိုတာက အလုပ်ခွင်ဝင်လိုက်လို့ ရှိရင် ဓမ္မဖြစ်၍ ဓမ္မပျက်တာသာမြင်ပြီး ပုဂ္ဂိုလ်သတ္တဝါ ရှာမတွေ့တဲ့ အမြင်မျိုးကို မြင်ခဲ့လို့ရှိရင် ပုထုဇဉ် လွန် မြောက်တဲ့ အမြင်ဖြစ်လေသောကြောင့် (ဝါ)ဝိစိကိစ္ဆာမရှိတဲ့ အမြင်ဖြစ်လေသောကြောင့် ဤဘုရားသာသနာမှတစ်ပါး ဘယ်ဘုရားသာသနာမှ မပြောင်းတော့ဘူး...။ (မှန်ပါ့)၊ ဒီကျမှ စိတ်ချရတယ် ဦးဘအုန်း...။ (မှန်ပါ့)၊ နို့မဟုတ်ရင် စိတ်မချရသေးဘူး...။ (မှန်ပါ့)။

ဒါ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သစ္စက

ပရိဗိုဇ်က မေးလို့ သောတာပန်အမြင်ကို သေသေချာချာ ဖြေနေတာလို့ မှတ်စမ်းပါ...။ (မှန်ပါ့)။

ကောင်းပြီ...ဒါဖြင့် ဓမ္မကလေးကြည့်လိုက်လို့ရှိရင် ဖြင့် ဖြစ်မှုနဲ့ပျက်မှုမှတစ်ပါး ဘာမှ မရှိဘူး၊ ပုဂ္ဂိုလ် သတ္တဝါ ဆိုတာ လုံးဝ မပေါ်ပါကလားလို့ ကိုယ့်ဉာဏ်ထဲမှာ ကိုယ့် ဟာကိုယ် ဆုံးဖြတ်ချက်ချလိုက်စမ်းပါ...။ (မှန်ပါ့)။

ဆုံးဖြတ်ချက်ချပြီး သကာလနေတော့ ဩော်... ဒါကြောင့်ပဲ ဘုရားလဲ ဟောပေတာပဲ၊ ကိုယ့်အမြင်နဲ့လဲ ပုဂ္ဂိုလ် သတ္တဝါ သေသေချာချာမရှိပါကလား၊ ခန္ဓာထဲ မျက်လုံးမှိတ်ပြီး ကြည့်လိုက်တဲ့အခါကျတော့မှ ဖြစ်တာရယ်၊ ပျက်တာရယ်၊ စိတ်ကြည့်လိုက်လဲ ဖြစ်တာရယ်၊ ပျက်တာ ရယ်၊ ဝေဒနာကြည့်လိုက်လဲ ဖြစ်တာရယ်၊ ပျက်တာရယ်ပဲ ရှိတယ်...။ (မှန်ပါ့)။

ဒါ ပုဂ္ဂိုလ် သတ္တဝါ လုံးဝမရှိပါကလား...ဆိုတော့ ပုဂ္ဂိုလ် သတ္တဝါ ရှိသေးသလားလို့ထင်တဲ့ ဝိစိကိစ္ဆာရှိသေး ရဲ့လား...။ (မရှိပါဘုရား)၊ မရှိတော့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ တွဲ ပြုတ်သွားတယ်...။ (မှန်ပါ့)။

အဲဒီ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပြုတ်သွားတာသည် ဘယ်သူ့ အမြင်တုံးဆိုတာ ဦးခင်မောင် ရိပ်မိပလား...။ (ရိပ်မိပါပြီ)၊ ဘယ်သူ့အမြင်ပါလိမ့်...။ (သောတာပန်အမြင်ပါဘုရား)။

အဲဒီ အမြင်ရောက်မှ ဒကာ ဒကာမတွေ ခင်ဗျားတို့၊

ကျုပ်တို့သည် အပါယ်လေးပါး တံခါးပိတ်တယ်ဆိုတာ တကယ် စိတ်ချရတယ်...။ (မှန်ပါ့)၊ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချနိုင်မှနော်...။ (မှန်ပါ့)။

## (၂) "ကင်းသော ဝိစိကိစ္ဆာရှိတယ်"

**ဝိဂတ ကထံကထော**...တဲ့၊ ကင်းသော ဝိစိကိစ္ဆာ ရှိတယ်၊ တွေးတောခြင်း မရှိတော့ဘူး၊ ခန္ဓာကိုယ်ထဲ လျှောက်ပြီး ဒကာ ဒကာမတွေက ဝိပဿနာအခန်းကို ဝင်ပြီး ကြည့်လိုက်တာပေါ့ဗျာ...။ (မှန်ပါ့)။

ကြည့်လိုက်တဲ့အခါကျတော့ ခုနင်ကအတိုင်းပဲ၊ ဩော်...ပုဂ္ဂိုလ်သတ္တဝါဆိုတာ လုံးဝမရှိပါကလား၊ ဓမ္မတွေ ဖြစ်ပြီး ဓမ္မတွေ ပျက်နေတာပါကလားလို့ ခင်ဗျားတို့သည် ကားလို့ ဆိုရင်ဖြင့် တွေးတောစရာကို ဒီအထဲမှာ ဒါကလေး ဟာ ငါလား၊ ဟိုဟာကလေးဟာ သူလား၊ ဒီလိုပဲ တွေးတော စရာကို မလာတော့ဘူးတဲ့...။ (မှန်ပါ့)၊ ဖြစ်တာနဲ့ ပျက်တာပဲ တွေ့နေတာပဲ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ ဘုရား)။

ဘာတွေ့နေသတုံး...။ (ဖြစ်တာနဲ့ ပျက်တာပဲ တွေ့ပါ တယ်)၊ ဖြစ်တာနဲ့ ပျက်တာပဲ ခန္ဓာကိုယ်ထဲမှာ ဉာဏ်နဲ့ စိုက်လိုက်၊ တွေ့လိုက်၊ ဒါကလေး တွေ့နေတော့ ဝိဂတ

ကထံကတော…တဲ့၊ ကင်းသော တွေးတောခြင်းရှိ၏တဲ့…။ (မှန်ပါ့)။

ပုဂ္ဂိုလ် သတ္တဝါဆိုတာ လုံးဝမရှိပါဘူး၊ ဘယ်လို တွေးတွေး မရပါဘူးလို့ သေသေချာချာ ကိုယ့်ဉာဏ်နဲ့ကိုယ် ဆုံးဖြတ်ချက်ချပါတဲ့…။ (မှန်ပါ့)၊ ဓမ္မရှိ၍ ဓမ္မပျက်ဆိုတာ ဒါပဲရှိတော့တယ်လို့ ဆုံးဖြတ်ချက်ချလိုက်…။ (မှန်ပါ့)၊ ရှင်းပြီနော်…။ (ရှင်းပါပြီဘုရား)။

အဲဒီကဲ့သို့ ဒုတိယအချက်မှာ ပုဂ္ဂိုလ် သတ္တဝါကင်း တာတွေလဲ လွန်မြောက်တာနဲ့ တွေးတောခြင်း မရှိတာ ပါပဲ…။ (မှန်ပါ့)၊ အရင်ဟာက လွန်မြောက်တယ်၊ နောက် ဟာက တွေးတောခြင်း မရှိတော့ဘူး…။ (မှန်ပါ့)၊ သဘော ကျပလား…။ (ကျပါပြီဘုရား)။

တိဏ္ဏဝိစိကိစ္ဆောဆိုတာ အရင်ဟာ လွန်မြောက်တာ၊ နောက်ဟာက တွေးတောခြင်းကင်တာ…။ (မှန်ပါ့)၊ သဘော ကျပလား…။ (ကျပါပြီဘုရား)။

အဲဒီကဲ့သို့ မလာလို့ရှိရင် ဒကာ ဒကာမတို့ ဒီသာသနာမှတစ်ပါး ဘယ်မှ မရွေ့တော့ဘူး…။ (မှန်ပါ့)၊ ဒီသာသနာ၌ မြဲသွားပြီ…။ (မှန်ပါ့)၊ နိယတဖြစ်သွားပြီ။

ဘယ်နှစ်ချက်ရှိသွားပလဲ…။ (နှစ်ချက်ရှိသွားပါပြီ ဘုရား)၊ ဦးခင်မောင် ယုံမှားခြင်းကို လွန်မြောက်တာ တစ်မျိုး နော်…။ (မှန်ပါ့)၊ တွေးတောခြင်းကင်းတာက… (တစ်မျိုး

ပါဘုရား)၊ ပုဂ္ဂိုလ် သတ္တဝါရယ်လို့ တွေးတောခြင်း ရှိသေးရဲ့လား ...။ (မရှိပါဘုရား)။

နောက်ကျတော့ တစ်ခါတည်း ကိုယ်ဉာဏ်ထဲမှာ ဝိပဿနာအလုပ်ခွင်ထိုင်ပြီးသကာလ ကြည့်နေတဲ့အခါကျလို့ရှိရင် စိတ်ထဲမှာ ရဲရဲတင်းတင်းကြီးဖြစ်လာသတဲ့ ဒကာဒကာမတို့ ...၊ သောတာပန်ပုဂ္ဂိုလ်မှာ ရဲရဲတင်းတင်းကြီးဖြစ်လာတယ် ...။ (မှန်ပါ့ဘုရား)။

## (၃) "ရဲရင့်ခြင်းသို့ ရောက်လာတယ်"

ဘယ်လိုဖြစ်လာသတုံး ...။ (ရဲရဲတင်းတင်းကြီးဖြစ်လာပါတယ်ဘုရား)၊ ဘယ်လိုများ ရဲရဲတင်းတင်းကြီး ဖြစ်လာပါသလဲလို့ဆိုတော့ **ဝေသာရဇ္ဇပ္ပတ္တော ...တဲ့၊ ရဲရင့်ခြင်းသို့ ရောက်လာတယ်၊** သူ့ဉာဏ်နဲ့သူ တစ်ခါတည်း ဘယ်သူကဘာပြောပြော ပုဂ္ဂိုလ် သတ္တဝါဆိုတဲ့ဥစ္စာ ဒီခန္ဓာထဲမှာ ဂ ံ ဝကို မရှိဘူးဆိုတဲ့ ဥစ္စာကို ရဲရဲတင်းတင်း သူ့ဟာသူ ဆုံးဖြတ်ချက်ချတယ် ...။ (မှန်ပါ့)။

သူ့ဟာသူ ဘာတုံး ...။ (ရဲရဲတင်းတင်းဆုံးဖြတ်ချက်ချပါတယ်ဘုရား)၊ ပုဂ္ဂိုလ် သတ္တဝါဆိုတာ မရှိဘူးနော် ...။ (မှန်ပါ့)၊ သူကိုယ်တိုင်မြင်လို့ မရှိဘူးဆိုတာ သိတာ ...။ (မှန်ပါ့)၊ သူကိုယ်တိုင်မြင်လို့ ရဲရဲတင်းတင်း ပုဂ္ဂိုလ် သတ္တဝါ မရှိဘူးလို့ဘဲ တစ်ထစ်ချ ဆုံးဖြတ်ချက်ချလိုက်တယ် ...။

(မှန်ပါဘုရား)၊ အဲဒါက ဝေသာရဇ္ဇပွဲတွေ့...(မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ကိုယ့်ကိုယ်တိုင် ရဲရဲတင်းတင်း ဆုံးဖြတ်ချက်ချပါတယ် ဆိုကတည်းကိုက ကြားဝင်စရာရှိသေးရဲ့လား...။ (မရှိပါဘုရား)၊ အဲဒါ သောတာပန်ပုဂ္ဂိုလ်၏ အမြင်လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မှတ်ထားစမ်းပါ...။ (မှန်ပါ)။

ဒါ ဘယ်အယူဝါဒသို့မှ မရွေ့တော့ဘူး နော်...။ (မှန်ပါ)၊ နိယတ ဖြစ်လေသောကြောင့် သူသည် သုဂတိနဲ့ နိဗ္ဗာန်သို့သာ မြဲတော့တယ်လို့ သေသေချာချာ ဦးဘအုန်းတို့ မှတ်ဖို့ပဲ...။ (မှန်ပါ)။

ဒါဖြင့် အားလုံး ဒကာ ဒကာမတို့ ဒီအမြင်ရအောင် ကျုပ်တို့ လုပ်ရတော့မယ်...။ (မှန်ပါ)၊ ဒီအမြင်က ဆရာ သမားကောင်းများနဲ့တွေ့လို့ စည်းကမ်းနည်းလမ်းကျသွားရင် မခဲယဉ်းနိုင်ပါဘူး...။ (မှန်ပါ)။

မျက်လုံးမှိတ်ပြီး ခန္ဓာကိုယ်ကိုသာ ဉာဏ်နဲ့စိုက်ကြည့်၊ ဖြစ်တာကလေးတွေနဲ့ ပျက်တာကလေးတွေမှတစ်ပါး ဦးခင်မောင် ဘာတွေ့စရာ ရှိသေးသတုံး...။ (ဘာမှ မတွေ့ပါဘုရား)၊ ဝေဒနာကြည့်လိုက်ပြန်လဲ ဝေဒနာမဟုတ်တော့ပါဘူး၊ ဖြစ်တာနဲ့ ပျက်တာပဲ...။ (မှန်ပါ)၊ စိတ်ကြည့်လိုက်ပြန်လဲ...(ဖြစ်တာနဲ့ပျက်တာပါပဲဘုရား)။

ဖြစ်တာနဲ့ ပျက်တာကလေးပဲ ရှိရှိ–ရှိရှိနေတော့ ဩော်...ပုဂ္ဂိုလ်သတ္တဝါဆိုတာ လုံးဝမရှိဘူး၊ ကိုယ့်ဉာဏ်နဲ့ ကြည့်လေ မရှိလေဘဲ...။ (မှန်ပါ့)။

အဲဒီလို မှန်လှစွာသော ဉာဏ်ကြီး ရလာတဲ့အခါကျ တော့ **ဝေသာရဇ္ဇပွတ္တော–**တဲ့၊ **ပုဂ္ဂိုလ်မရှိ သတ္တဝါမရှိလို့ ရဲရဲတင်းတင်း သူ့စိတ်ထဲ ဆုံးဖြတ်ချက်ချတယ်**...။ (မှန်ပါ့)၊

ရဲရဲတင်းတင်း ဆုံးဖြတ်ချက်ချနိုင်တာသည် အဲဒါ အပါယ်လေးပါး တံခါးပိတ်တဲ့ သောတာပန်ပုဂ္ဂိုလ်၏ အမြင် တဲ့၊ သစ္စကပရိဗိုဇ်ကို ဟောနေတာ...။ (မှန်ပါ့)၊ သာသနာ မပြောင်းရွှေ့တာဟာ ဒါကြောင့် မရွှေ့တာပဲပေါ့...။ (မှန်ပါ့)၊ သဘောကျကြပလား...။ (ကျပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘုန်းကြီး ပြောထားတဲ့ တရားဟာ ဒီရောက်အောင်ချည့် နေ့တိုင်း ဟောနေတာပဲ...။ (မှန်ပါ့)။

ဒကာ ဒကာမတွေ ပဋိစ္စသမုပ္ပါဒ်ဖြစ်ပေါ်လာတာ ကြည့်စမ်း–ကြည့်စမ်းဆိုတာ ပုဂ္ဂိုလ်သတ္တဝါ အကြည့်ခိုင်းတာ မဟုတ်ဘူးဗျ...။ (မှန်ပါ့)၊ အခု ကြားတဲ့စိတ်ကလေးပေါ် တယ်၊ ဒကာ ဒကာမတွေ ရှိသေးရဲ့လားဆိုတော့ ဘယ့်နှယ် ဖြေမလဲ...။ (မရှိပါဘုရား)။

ဒါ ပုဂ္ဂိုလ်လား၊ သတ္တဝါလား၊ ငါလား၊ သူတစ်ပါး လားလို့ မေးတဲ့အခါ ကြားတဲ့စိတ် ပျက်တာပဲရှိတာပဲ...။

(မှန်ပါ့)၊ ပုဂ္ဂိုလ် သတ္တဝါကို ဟုတ်ကဲ့လား...။ (မဟုတ်ပါဘုရား)၊ ကြားတဲ့စိတ်ပါလို့ ဆိုနေပေါ့၊ ပုဂ္ဂိုလ် ဟုတ်သေးရဲ့လား...။ (မဟုတ်ပါဘုရား)၊ ယောကျ်ားလား၊ မိန်းမလား...။ (မဟုတ်ပါဘုရား)။

ကြားတဲ့စိတ်ပေါ်ပြီး ကြားတဲ့စိတ် ပျက်တာပဲရှိတာပဲ...။ (မှန်ပါ့)၊ ဒီပြင် ဘာရှိသေးသတုံး...။ (မရှိပါဘုရား)၊ အဲဒါ နေ့တိုင်း ဟောနေတာက သောတာပန်တည်အောင်ချည့် ဟောနေတာ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

နေ့တိုင်း ဟောနေတာ ဘာပါလိမ့်...။ (သောတာပန်တည်အောင် ဟောနေတာပါဘုရား)၊ အဲ...ခင်ဗျားတို့က စူးစူးစိုက်စိုက်သာလုပ်...။ (မှန်ပါ့)။

ကြားတဲ့စိတ်ကလေးသည်ကား...လို့ဆိုရင် ကြားတာ နားထဲမှာဖြစ်ပြီး နားထဲမှာပဲ ပျက်တယ်...။ (မှန်ပါ့)၊ နံတဲ့စိတ်ကလေး နှာခေါင်းထဲမှာပဲပေါ်ပြီး နှာခေါင်းထဲမှာပဲ ပျက်သွားတယ်...။(မှန်ပါ့)၊ စားတဲ့စိတ်ကလေး လျှာလယ်မှာ ပေါ်ပြီး လျှာမှာပဲ ပျက်သွားတယ်...။ (မှန်ပါ့)၊ ယားတဲ့၊ ယံတဲ့၊ ကောင်းတဲ့ စိတ်ကလေးဟာ ကိုယ်ပေါ်မှာပေါ်၊ ကိုယ်ပေါ်မှာ ပျက်တယ်...။ (မှန်ပါ့)၊ ကြားတဲ့စိတ်ကလေးဟာ ဝမ်းထဲမှာ ပေါ်တယ်၊ ဝမ်းထဲမှာပဲ ပျက်တယ်...။ (မှန်ပါ့)။

ဒသြော်...ဒါသည်ကားလို့ဆိုရင် ပုဂ္ဂိုလ်ပျက်တာလဲ

မဟုတ်ဘူး၊ သတ္တဝါပျက်တာလဲ မဟုတ်ဘူး၊ နဂိုကိုက ပုဂ္ဂိုလ်သတ္တဝါ ပေါ်တာမှ မဟုတ်ဘဲ၊ ပုဂ္ဂိုလ် သတ္တဝါ ပျက်စရာ လိုသေးသလား...။ (မလိုပါဘုရား)။

ပေါ်ကတည်းကိုက ဒကာ ဒကာမတို့သိတဲ့အတိုင်း ဝိညာဏက္ခန္ဓာ ပေါ်လာတာ...။ (မှန်ပါ)၊ ပျက်တော့ ဘယ်သူ ပျက်သတုံး...။ (ဝိညာဏက္ခန္ဓာ ပျက်ပါတယ်ဘုရား)၊ ဝိညာဏက္ခန္ဓာ ပျက်တော့ကို ပုဂ္ဂိုလ် ပျက်တာလား၊ သတ္တဝါ ပျက်တာလား...။ (မဟုတ်ပါဘုရား)၊ ဝိညာဏက္ခန္ဓာ ပျက်တာပဲ...။ (မှန်ပါ)၊ ဖြစ်တုန်းကတော့...(ဝိညာဏက္ခန္ဓာ ဖြစ်တာပါဘုရား)၊ ပျက်တော့ကော...(ဝိညာဏက္ခန္ဓာ ပျက်တာပါဘုရား)။

အဲဒီလို ဒကာ ဒကာမတွေ ဉာဏ်ထဲမှာ ရှင်းရှင်း... ရှင်းရှင်းပြီးသကာလ ဘယ်သူကပဲ ယောကျ်ားရှိတယ်၊ မိန်းမ ရှိတယ်လို့ ပြောပြော၊ ကိုယ့်သန္တာန်ပေါ်လာတဲ့ တရားတွေမှာ ကြည့်လိုက်တဲ့အခါကျလို့ရှိရင် ရုပ်တွေကြည့်လိုက်ပြန်လဲ ရုပ်ဟာ ဖြစ်ပျက်တွေ့တာပဲ၊ စိတ်ကြည့်လိုက်ပြန်လဲ ဖြစ်ပျက် တွေ့တာပဲ...။ (မှန်ပါ)၊ ခန္ဓာငါးပါးစလုံး ပေါ်ရာ ကြည့်လိုက်စမ်း၊ ဘာတွေ့သတုံး...။ (ဖြစ်ပျက်တွေ့ပါတယ် ဘုရား)။

ဖြစ်ပြီး ပျက်တာမှတစ်ပါးဘာရှိသေးသတုံး...။ (ဘာမှ မရှိပါဘုရား)၊ အို...ဒီဥစ္စာ ပုဂ္ဂိုလ် သတ္တဝါဆိုတာ ဒီဥစ္စာ၊

စင်စစ်...သူများပြောတာသာမှတ်ရတာ၊ ကိုယ့်သန္တာန်မှာဖြင့် တကယ့်ဉာဏ်နဲ့ ဝေဖန်ကြည့်လိုက်လို့ရှိရင် ရဲရဲတင်းတင်းပဲ ပုဂ္ဂိုလ် သတ္တဝါမရှိဘူးလို့ ကိုယ့်ဉာဏ်နဲ့ ဆုံးဖြတ်ချက် ချနိုင်လို့ရှိရင်ဖြင့် ဒါဟာ သောတာပန်တို့၏ ဆုံးဖြတ်ချက် ချနိုင်တာပါပဲ...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

အဲဒီလို ချနိုင်တဲ့ အခြေအနေရောက်လို့ရှိရင်ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘယ်သူ့မှ မေးမနေနဲ့၊ ဒါ သောတာပန် တည်တာပဲလို့ ဆုံးဖြတ်ချက်ချ...။ (မှန်ပါ့)၊ ဒါ သာသနာတော်က မရှေ့တဲ့ အလုပ်တဲ့...။ (မှန်ပါ့)၊ သဘောပါကြပလား...။ (ပါ,ပါပြီဘုရား)။

## နက်ဖြန် ပြောင်းချင် ပြောင်းနိုင်တယ်

နို့မဟုတ်လို့ရှိရင် ဒီဘဝ ဘုရားဒကာ ကျောင်းဒကာ၊ နက်ဖြန် နွားသတ်သမားအဖြစ် ပြောင်းချင် ပြောင်းမှာ...။ (မှန်ပါ့)၊ မပြောင်းနိုင်ဘူးလား...။ (ပြောင်းနိုင်ပါတယ် ဘုရား)၊ စုတေမနေ–သေလွန်ရင် ပြောင်းလိမ့်မယ်ဆိုတာ သေချာတယ်နော်...။ (မှန်ပါ့)။

ဒီဘဝတောင်မှ ငွေနဲ့သော်လည်းကောင်း၊ သံယောဇဉ် ကြောင့်သော်လည်းကောင်း မပြောင်းနိုင်ဘူးလာ...။ (ပြောင်း နိုင်ပါတယ်ဘုရား)။

အဲဒါ ဒီအလုပ်၊ ဝိပဿနာ ရှေ့ပြေးအလုပ် မရှိသေး

လို့ မင်္ဂဆိုက်တဲ့အလုပ်ကို မလုပ်သေးသရွေ့ ကာလပတ်လုံး ဒကာ ဒကာမတို့ စိတ်မချရသေးဘူးလို့ ဆုံးဖြတ်ချက်ချ…။ (မှန်ပါ့)၊ ဘယ်လို ဆုံးဖြတ်ချက်ချမတုံး…။ (စိတ်မအေး ရသေးပါဘုရား)။

ငါသည် အသက်ကြီးလှပြီ၊ စိတ်အေးစရာလဲ တစ်ကွက်မှ မပါသေးဘူး၊ ငါသည် သေခါနီးပြီ၊ စိတ်အေးစရာလဲ တစ်ကွက်မှ မရှိသေးဘူး၊ ဒါကို နေ့တိုင်း ဒကာ ဒကာမတို့ တွေးစမ်းပါ…။ (မှန်ပါ့)။

အဲဒီတော့ ကိုယ့်ဟာကိုယ် ငါသည် သေခါနီးပြီ၊ စိတ်အေးစရာလဲ မရှိသေးဘူး၊ ငါသည် ရောဂါဝေဒနာထူပြီး စိတ်အေးစရာလဲ တစ်ကွက်မှ မရှိသေးဘူး၊ ခုနင်က အမြင်မရသေး၊ စိတ်မအေးရသေးဘူးပေါ့…။ (မှန်ပါ့)၊ ဦးခင်မောင် ရိပ်မိပလား…။ (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ စိတ်အေးစရာရှိအောင် လုပ်ထားတဲ့ အလုပ်ဟာ ခင်ဗျားတို့ လူတိုင်း၏ အလုပ်ပဲ မဟုတ်လားဗျာ…။ (မှန်လှပါ)၊ ခင်ဗျားတို့ လောကီနယ်ပယ် အသုံးအနှုန်းတောင်မှ ကျုပ် စိတ်အေးစရာရှိအောင် လုပ်ထားတယ်၊ ဘာလုပ်ထားသတုံး…၊ တို့ ပင်စင်လုပ်ထားတယ်၊ ကျုပ်ပိုတဲ့ ငွေကလေးလဲ စုငွေအဖြစ်နဲ့ ထားတယ်၊ ဒါတွေဟာ စိတ်အေးစရာအဖြစ်နဲ့ လုပ်ထားခဲ့တာချည့် မဟုတ်လား…။ (မှန်ပါ့)။

ကုန်သည်ပိုင်းကလဲ ငွေကလေး ပိုလာတယ်၊ တိုက်ကလေး ဝယ်ထားတယ်၊ စိန်ကလေး ဝယ်ထားမယ်၊ ရွှေကလေး ဝယ်ထားမယ်၊ ဒါ ဘာတုံး၊ အကြောင်း မညီညွတ်တဲ့အခါ ဒီဟာ စိတ်အေးရတာပေါ့...။ (မှန်ပါ့)။

စိတ်အေးစရာလုပ်ထားတဲ့ အလုပ်ဟာကလဲ ခင်ဗျားတို့ ဝတ္တရားအလုပ်ပါ...။ (မှန်ပါ့)၊ မလုပ်ပါနဲ့လို့ ဘုန်းကြီးများက မကန့်ကွက်ပါဘူး၊ ဒါဟာ လုပ်ကြရမှာချည့်ပါပဲ...။ (မှန်ပါ့ဘုရား)။

သို့သော် လောကီမှာ စိတ်အေးစရာရှိသလို လောကုတ္တရာဘက်မှာ စိတ်အေးစရာရှိဖို့က ပိုပြီး အရေးကြီးတယ်...။ (မှန်ပါ့)၊ မကြီးဘူးလား...။ (ကြီးပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အဲဒီ စိတ်အေးစရာက ဘယ်လိုလုပ်ထားရမှာတုံးဆိုတော့ ဓမ္မကြည့်လိုက်လို့ရှိရင်ဖြင့် ပုဂ္ဂိုလ် သတ္တဝါမရှိဘူး၊ ဖြစ်ပျက်သာရှိတယ်လို့ ရဲရဲတင်းတင်း ဆုံးဖြတ်ချက်ချနိုင်လောက်အောင် လုပ်ထားရင် စိတ်အေးရပြီလို့ မှတ်...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ခန္ဓာကိုယ်ထဲကြည့်လိုက်ရင် ပုဂ္ဂိုလ် သတ္တဝါမရှိဘူး၊ ဖြစ်တာနဲ့ ပျက်တာပဲရှိတယ်၊ ပုဂ္ဂိုလ် သတ္တဝါ ဘယ်လိုရှာရှာ မရဘူး၊ ဘယ်သူ ပြောလို့မှလဲ ကိုယ့်မှာ အယုံအကြည် မရှိတော့ဘူး၊ ရဲရဲတင်းတင်းပဲ ပုဂ္ဂိုလ် သတ္တဝါ မရှိတာ

သေချာတယ်ကျအောင် ခင်ဗျားတို့ဉာဏ်ထဲမှာ ဆုံးဖြတ်ချက်ချထားလို့ရှိရင်ဖြင့် ဒါဟာ စိတ်အေးစရာလုပ်ပြီလို့ မှတ်လိုက်...။ (မှန်ပါ့)။

ဘာမှ ငွေတွေဘာတွေ စုနေရတာ မဟုတ်ပါဘူး...။ (မှန်ပါ့)၊ ဉာဏ်ကြီးလာတာကို ဆိုပါသည်...။ (မှန်ပါ့)၊ သဘောပါကြပလား...။ (ပါ,ပါပြီဘုရား)။

အဲဒီတော့ ၃ နံပါတ်က ရဲရဲတင်းတင်း ဆုံးဖြတ်ချက်ချက်ချတာကို ပုဂ္ဂိုလ် သတ္တဝါ လုံးဝမရှိဟု ရဲရဲတင်းတင်း ဆုံးဖြတ်ချက်ချတာကို ဝေသာရဇ္ဇပ္ပတ္တော...လို့ ဆိုတယ်၊ ရဲရင့်တဲ့အဖြစ်သို့ ရောက်လာတယ်...။ (မှန်ပါ့)၊ ရှင်းပြီနော် ဦးဘအုန်းတို့...(မှန်ပါ့ဘုရား)။

ကောင်းပြီ...ဒကာ ဒကာမတို့ လေးခုမြောက်ကို နားထောင်ပါဦး၊ အခု တရားနာပြီတော့ နေကြတယ်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အားလုံးပဲ ဘုန်းကြီးက ဟောတယ်၊ ဒကာ ဒကာမတို့ ပုဂ္ဂိုလ်လဲ မရှိဘူး၊ သတ္တဝါလဲ မရှိဘူးနော်...၊ ပဋိစ္စသမုပ္ပါဒ်သာရှိတယ်၊ ခန္ဓာငါးပါးသာ ရှိတယ်၊ ဒုက္ခသစ္စာသာ ရှိတယ်လို့ ဒကာ ဒကာမတွေ နေ့တိုင်းလိုလို ကြားကြရတယ်...။ (မှန်ပါ့)၊ မကြားကြရဘူးလား...။ (ကြားကြရပါတယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးသာ ရှိတယ်ဆိုတာလဲ ကြားရတယ်၊ ဒီအကြောင်းအကျိုးမှာလဲ၊ အကြောင်း

တွေမှာလဲ ခန္ဓာငါးပါး၊ အကျိုးမှာလဲ ခန္ဓာငါးပါးပဲလို့ မသိကြဘူးလား…။ (သိပါတယ်ဘုရား)၊ ဒါ ဟောလို့ သိတာကိုးဗျ…။ (မှန်ပါ့ဘုရား)။

နောက်ကျလာပြန်တော့လဲ ဒကာ ဒကာမတို့ အကြောင်းအကျိုးတွေဟာ ဖြစ်တာလဲ ဒုက္ခသစ္စာပဲ၊ ပျက်တာလဲ ဒုက္ခသစ္စာပဲ၊ အစရှိသည်နဲ့ ဆရာဘုန်းကြီးက ဟောပြန်တော့ ဟုတ်ပါကလား၊ ဒါတွေဟာ ဒုက္ခသစ္စာချည့်ပဲ ဆိုတော့ ဘုန်းကြီးပြောတာနဲ့ပဲ ဒကာ ဒကာမတွေ နားရည်အတော်ဝ,နေတယ်…။ (မှန်ပါ့)၊ မဝ,ကြဘူးလား…။ (ဝ,ပါတယ်ဘုရား)။

နားရည်တွေ အကုန်ဝ,ပြီးသကာလ နေကြတဲ့အခါကျတော့ ရွာထဲရပ်ထဲမှာ ခင်ဗျားတို့ချင်း ပြောကြတဲ့အခါသြော်…ပုဂ္ဂိုလ် သတ္တဝါဆိုတဲ့ဥစ္စာ မရှိပါဘူး၊ ကျုပ်တို့လဲ ဒါလောက်တော့ နားပါး‌ဝ,နေပါတယ်၊ ခင်ဗျားတို့လဲ အဖြေထုတ်နေကြတာပဲ…။ (မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်ပဲ ရှိတယ်၊ အကြောင်းအကျိုးရှိတယ်၊ ခန္ဓာငါးပါးပဲရှိတယ်၊ နောက်ဆုံးပိတ်ကျတော့ ဒုက္ခသစ္စာပဲ ရှိတယ် အစရှိသည်နဲ့ ခင်ဗျားတို့သည်ကားလို့ဆိုလို့ရှိရင် ဖြင့် ပြောသံကြားနဲ့ခင်ဗျားတို့ ဉာဏ်လုပ်ပြီး ပြောနေတယ်…။ (မှန်ပါ့ဘုရား)၊ ဆရာသမား၏ ပြောသံကြားနဲ့ ကိုယ်ပိုင်ဉာဏ်လုပ်ပြီး ပြောနေကြတာတွေ…။ (မှန်ပါ့)။

ဘုန်းကြီးပြောတာနဲ့ ဒကာ ဒကာမတွေနဲ့ ဆက်စပ်ပြီး နေတယ်...။ (မှန်ပါ့)။

ဘုန်းကြီးပြောတာကို ဒကာ ဒကာမတွေက မှတ်ပြီး သကာလ နေတာနဲ့ဆိုတော့ ဘုန်းကြီးပြောတာနဲ့ ဒကာ ဒကာမတွေ မှတ်သားမှုနဲ့ ဆက်စပ်ပြီးသကာလနေတယ်...။ (မှန်ပါ့)၊ ဒါဖြင့် သူများပါးစပ်မှာ လမ်းဆုံးနေသေးတယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

သူများပါးစပ် ဖမ်းပြီးသကာလ သူများပြောတာနဲ့ သူတစ်ပါးနဲ့ ဆက်စပ်နေသေးတယ်ပေါ့ဗျာ...။ (မှန်ပါ့)။

## (၄) "သူတစ်ပါးနဲ့မစပ် ကိုယ်တိုင်မြင်"

ဟောပြောသောပုဂ္ဂိုလ်နဲ့ ဒကာ ဒကာမတွေ၏ အသိဉာဏ်ကလေး၊ သညာကလေးနဲ့ဟာ ဦးဘတင် ဆက်စပ်နေသေးတယ်...။ (မှန်ပါ့)၊ ကိုယ်ပိုင် ဆိုနိုင်ပါ့မလား...။ (မဆိုနိုင်ပါဘုရား)။

**အပရပ္ပစ္စယော** ဆိုတာ သူတစ်ပါးနဲ့မစပ်၊ ကိုယ်တိုင်ကိုပဲ ဘယ်သူပြောတာမှ ယုံရတာမဟုတ်ဘဲနဲ့၊ သူတစ်ပါးပြောတာဟာလဲ ပြောတာတခြား၊ ကိုယ့်အမြင်က ကိုယ့်အမြင်တခြား၊ သူတစ်ပါး ပြောတာကတော့ဖြင့် ဟုတ်ပါရဲ့၊ ရုပ်နာမ်ပဲ ရှိတယ်၊ ဖြစ်ပျက်သာရှိတယ်၊ ဒုက္ခသစ္စာသာ

ရှိတယ်ဆိုတာတော့ သူတစ်ပါးပြောတာ ကြားဖူးပါတယ်...။ (မှန်ပါ့)။

ကိုယ်တိုင် စုံစမ်းစစ်ဆေးပြီး ခန္ဓာမှာ ကြည့်လိုက်တဲ့ အခါကျလို့ရှိရင်လဲ သူတစ်ပါးပြော မဟုတ်တော့ဘူး၊ ကိုယ်တိုင်ဉာဏ်နဲ့ စပ်ပြီးသိတယ်၊ ကိုယ်တွေ့လက်တွေ့ကိုပဲ သိတယ်၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

သူတစ်ပါးနဲ့မစပ်ဘဲနဲ့...(ကိုယ်တိုင်ဉာဏ်နဲ့စပ်ပါတယ် ဘုရား)၊ ကိုယ်တိုင်ဉာဏ်နဲ့ စပ်လို့ရှိရင်ဖြင့် အပရပ္ပစ္စယော– သူတစ်ပါးပြော မဟုတ်တော့ဘူးပေါ့...ကိုယ်တွေ့ပဲသိတယ်၊ ဆရာပြော မဟုတ်တော့ဘူး၊ သူကိုယ်တိုင် ဉာဏ်နဲ့မြင်ပြီး သူကိုယ်တိုင် ဉာဏ်နဲ့ ဆုံးဖြတ်ချက်ချသည်ဖြစ်လေသော ကြောင့် ငါဘုရားသာသနာတော်မှတစ်ပါး တစ်ပါးသော သာသနာ အယူဝါဒသို့ မရွေ့တော့ဘူးလို့ သစ္စက အမေးကို ဖြေကြားတော်မူတယ်...။ (မှန်ပါ့ဘုရား)။

အမှန်အကန်ကို သူ ပြောလူပြော မဟုတ်တော့ဘူး၊ ကိုယ်တိုင်ဉာဏ်တွေ့ ကေန်ပိုင်ပိုင်နိုင်နိုင် သိလာတာကို အပရပ္ပစ္စယောဆိုပါတယ်...။ (မှန်ပါ့)၊ ရုပ်နာမ်သာရှိတယ် ဆိုတာ မမှန်ဘူးလား...။ (မှန်ပါတယ်ဘုရား)၊ ပဋိစ္စသမုပ္ပါဒ် သာ ရှိတယ်...။ (မှန်ပါတယ်ဘုရား)။

အဲဒီ ပဋိစ္စသမုပ္ပါဒ်တစ်ခုလုံးဟာလဲ ဒုက္ခက္ခန္ဓသဿ

ဆိုသောကြောင့် အဖြစ်လဲဒုက္ခ၊ အပျက်လဲ ဒုက္ခပဲရှိတယ် ဆိုတာ မမှန်ဘူးလား...။ (မှန်ပါတယ်ဘုရား)။

ဒါက ဘုန်းကြီးပြောလို့လဲ မှန်တာသိတယ်၊ ဒကာ ဒကာမတွေ ကိုယ့်ဉာဏ်နဲ့ ကိုယ်ရှုလို့ မှန်ပါတယ်ဆိုတာ ကလေး တိုးလိုက်ကြစမ်းပါ...။ (မှန်ပါ့ဘုရား)၊ သဘောကျ ပလား...။ (ကျပါပြီဘုရား)။

အဲဒီအမှန် ရလို့ရှိရင်တော့ဖြင့် ဒကာ ဒကာမတွေ ဘယ်သူ့ကို မပြောချင်နေ ပြောချင်ပြော၊ ကိုယ်ကိုယ်တိုင် သောတာပန် တည်တာတော့ သေချာပြီလို့ ဆုံးဖြတ်ချက် ချ...။ (မှန်ပါ့ဘုရား)။

ဒါ သောတာပန်တည်ပုံကို ဦးခင်မောင် ဘုရားကို သစ္စကပရိဗိုဇ်က မေးလို့ ဖြေတော်မူတာ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

သစ္စကပရိဗိုဇ်က မေးလို့ အရှင်ဘုရား သာသနာတော် က လူရှင်ရဟန်းတွေဟာ ဘယ်မှ မရွေ့တာ ဘာကြောင့် တုံး ဘုရားဆိုတော့ ဒီအမြင်ကို ပြောတာ...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် အမြင်မှန်ရလို့ မရွေ့တာဘဲ...။ (မှန်ပါ့)၊ အမြင်မှန်ဆိုတဲ့ဥစ္စာ တရားသဘော နားလည်ရုံနဲ့ မပြီးပါနဲ့၊ ကိုယ်တိုင် အမြင်မှန်ရအောင် ကြိုးစားပါ ဆိုတဲ့ အဓိပ္ပါယ်ကို

ဘုရားဟောချင်တာပဲ...။(မှန်ပါ့ဘုရား)၊သဘောကျပလား...။ (ကျပါပြီဘုရား)။

အပရပ္ပစ္စယော–သူတစ်ပါးပြောအကြောင်းမဟုတ်ဘူး တဲ့၊ သူများတကာပြော၊ ဆရာပြောလို့ သိရတဲ့အခြေအနေ မျိုး ဒီလိုမဖြစ်စေနဲ့...။ (မှန်ပါ့)။

ပထမတော့ ဆရာပြောတာပဲ၊ နောက် ကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်တဲ့ အခြေအနေထိအောင် ရှင်းကြပါစေ၊ လင်းကြပါစေဆိုတာ အထူးအရေးကြီးတယ်လို့ မှတ်စမ်း ပါ...။ (မှန်ပါ့ဘုရား)။

ဆရာသမားပြောတာတော့ အမှန်ပြောလို့ ဦးဘတင် အမှန်ကြားရတာလဲ အမှန်ပါပဲ...။ (မှန်ပါ့)၊ ဒါ...မှားတယ် လို့ဆိုတာ မဟုတ်ပါဘူး...။ (မှန်ပါ့)၊ သို့သော်...ခင်ဗျားတို့ ဆုံးဖြတ်ချက်ချဖို့ ပိုပြီး အရေးကြီးတယ်...။ (မှန်ပါ့)။

ကိုမြရွှေ ဘယ့်နှယ်တုံး...။ (ကိုယ်တိုင်ဆုံးဖြတ်ချက် ချဖို့ ပိုပြီး အရေးကြီးပါတယ်ဘုရား)၊ ကိုယ်တိုင် ဆုံးဖြတ် ချက်ချတော့မှ သောတာပန်ပုဂ္ဂိုလ်၏ ဉာဏ်ဖြစ်လာတာကိုး ဗျ...။ (မှန်ပါ့)။

ကိုယ်တိုင်ဆုံးဖြတ်ချက်မချသေးလို့ရှိရင် သူတစ်ပါး ပြောတဲ့ သညာမှာ လမ်းဆုံးနေတယ်...။ (မှန်ပါ့)၊ ကိုယ် တိုင် အမြင်မှာ လမ်းဆုံးတာ ဟုတ်ပါရဲ့လား...။ (မဟုတ် ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာကိုယ်ကို ဒီက ပြန်ရင်ကြည့်၊ သေသေချာချာကြည့်ပါ၊ နည်းလမ်းမှန်ကန်နေရင် သောတာပန်စာည်ဖို့ မခဲယဉ်းနိုင်ပါဘူး...။ (မှန်ပါ)။

ကြည့်ပြီးသကာလနေတော့ စိတ်ကလေးပေါ်လာတာ ကြည့်လိုက်၊ ဖြစ်ပြီး ပျက်သွားတာပဲ၊ ဖြစ်ပြီး ပျက်သွားတာပဲ၊ ဘာကလေး ကြည့်လိုက် ကြည့်လိုက် ကိုယ့်သန္တာန်ပေါ်လာတဲ့ ဓမ္မကလေးဟာ ဖြစ်ပြီး ပျက်တာမှ တစ်ပါးလဲ မတွေ့ပါဘူး...။ (မှန်ပါ)၊ သေသေချာချာ ဉာဏ်နဲ့သာကြည့်နော်...။ (မှန်ပါဘုရား)။

ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါကျတော့ ဩော်...ပထမတော့ ဖြစ်ပျက်ဆိုတာ သူများပြောတာကိုး၊ အခုတော့ ဖြစ်ပျက်ဆိုတာ ဘယ်လိုကြည့်ကြည့် ဒါမှတစ်ပါး ဘာမှ မရှိပါကလား၊ သူများပြော မဟုတ်ပါဘူး၊ ကိုယ်တိုင်မြင်ပါပေါ့ဆိုရင် ဒါဟာ သောတာပန်၏ အမြင်သာမှတ်တော့...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

**ရမ်းပြီး မယုံနဲ့**

ဘယ်သူ့အမြင်ပါလိမ့်...။ (သောတာပန်၏အမြင်ပါဘုရား)။

ဒါက မဂ်တွေဘာတွေတည်ပြီး ကိုယ်တိုင်စစ်ဆေးလိုက်လို့ သေသေချာချာတည်တာမှတ်ပါ...။ (မှန်ပါ)။

သူများ သောတာပန်တည်ပါတယ်ဆိုတာ ဦးခင်မောင်က ရမ်းပြီး မယုံနဲ့၊ ကိုယ်ကိုယ်တိုင် ရဲရင့်တဲ့အဖြစ်သို့လဲ ရောက်ပါမှ...(မှန်ပါ)။

သူတစ်ပါးစကားတွေကို ပထမတော့ ကိုယ်က မှတ်သားထားတယ်၊ မှတ်သားထားတဲ့အတိုင်း ကိုယ်တိုင်ဉာဏ်နဲ့ ကြည့်လိုက်တော့ သြော်...ဒီဥစ္စာသည်ကားလို့ဆိုရင် သူတစ်ပါး ပါးစပ်မှာ လမ်းဆုံးတာ မဟုတ်ဘဲနဲ့ ကိုယ့်ဉာဏ်နဲ့ ကိုယ်ပဲ ဆုံးဖြတ်ချက် ကိုယ်တိုင်ချနိုင်လို့ရှိရင် သောတာပန်ပဲ...။ (မှန်ပါဘုရား)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ကိုယ့်ဉာဏ်နဲ့ ကိုယ့်အမြင် ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက် ချရမှာ...။ (မှန်ပါ)၊ ဒီလိုဆိုလို့ရှိရင်ဖြင့် ဒီပုဂ္ဂိုလ်သည်ကား...လို့ ဆိုလို့ရှိရင် မဖောက်မပြန်ဘဲနဲ့ မြဲသွားတာပဲ...။(မှန်ပါ)၊ဘယ်သာသနာမှလဲမပြောင်းတော့ဘူး...။ (မှန်ပါ)၊ ဘယ်တော့မှ အပါယ်လေးပါးလဲ မသွားတော့ဘူး၊ နိဗ္ဗာန်လဲ မြဲသွားပြီ...။ (မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဒါဖြင့် ဦးခင်မောင် တိဏ္ဏာဝိစိကိစ္ဆောဆိုတဲ့ဥစ္စာက အဓိပ္ပါယ်တစ်မျိုး၊ ဝိဂတ ကထံ ကထော ဆိုတဲ့ဥစ္စာက တစ်မျိုး...(တစ်မျိုးပါဘုရား)၊ ဝေသာရဇ္ဇပ္ပတ္တော–ဆိုတဲ့ ဥစ္စာက...(တစ်မျိုးပါဘုရား)၊ အပရပ္ပစ္စယော ဆိုတာက... (တစ်မျိုးပါဘုရား)။

အဲဒီလေးမျိုးကို ဒကာ ဒကာမတို့ သန္တာန်မှာ ပြည့်စုံပြီ ဆိုမှဖြင့် ဘုရားသာသနာမှာ မဂ်လေးတန်၊ ဖိုလ်လေးတန် ဆိုတဲ့၊ နိဗ္ဗာန်ဆိုတဲ့ ကိုးပါးသောတရား မရှိဘူးလားဗျာ...။ (ရှိပါတယ်ဘုရား)၊ အဲဒီမှာ တည်သွားတာပဲ၊ ဘယ်မှ မသွားတော့တဲ့...။ (မှန်ပါ့)။

ဘယ်သူက ဆွယ်လို့ ဘယ်သူက ငွေနဲ့ ဖြားယောင်း, ဖြားယောင်း၊ ငါးပါးအာရုံ ကာမဂုဏ်နဲ့ ဖြားယောင်း, ဖြားယောင်း, ဦးသူတော်တို့ မပြောင်းတော့ဘူး...။ (မှန်ပါ့)၊ ပြောင်းကို မပြောင်းဘူးတဲ့...။ (မှန်ပါ့)။

ဒီဟာကလေးကို ကိုယ်တိုင် ဆုံးဖြတ်ချက် မချနိုင်သေးဘူး၊ ဖြစ်ပြီး ပျက်တာကလေးတွေဟာ သူများပြောပဲ ရှိသေးတယ်၊ ကိုယ့်ဉာဏ်ထဲမှာဖြင့် မရှင်းမလင်းဖြစ်နေသေးလို့ ရှိရင် ရှင်းလင်းအောင် လုပ်ပစ်လိုက်ပါ...။ (မှန်ပါ့)၊ မရှင်း မလင်း ဖြစ်နေသေးလို့ ရှိရင်ဖြင့် ကိုယ့်ကိုယ်ကိုယ် စဉ်းစားလိုက်၊ ဩော်...ငါ့မှာ ငရဲမျိုးစေ့မကုန်သေးလို့ မရှင်းတာ...။ (မှန်ပါ့)။

ဦးခင်မောင် ဘယ်လိုဆုံးဖြတ်ချက်ချမလဲ...။ (ငရဲမျိုးစေ့မကုန်သေးလို့ မရှင်းတာပါဘုရား)၊ ငရဲမျိုးစေ့ မကုန်သေးဘူး၊ ငါ့ဟာငါ အခု သေသေချာချာ ရှုလိုက်တဲ့အခါ ကျတော့၊ ဆုံးဖြတ်ချက်က မကျသေးဘူးဆိုတော့ စူးစူး စိုက်စိုက်သာ ပိုပြီး ရှုလိုက်တဲ့အခါကျလို့ ရှိရင်ဖြင့် ဖြစ်မှု

ပျက်မှုမှတစ်ပါး ပုဂ္ဂိုလ် သတ္တဝါဆိုတာ ဘယ်လိုရှာရှာ တွေ့ကို မတွေ့ဘူး၊ သူများပြောတဲ့ပုဂ္ဂိုလ်ဟာ အပြောပုဂ္ဂိုလ်သာ ရှိတယ်၊ ကိုယ့်ဉာဏ်ထဲမှာဖြင့် ပုဂ္ဂိုလ်အဖြစ်၊ သတ္တဝါအဖြစ် ဉာဏ်ထဲမှာ ဝင်ကို မလာတော့ဘူး...။ (မှန်ပါ့)၊ လာသေးရဲ့လား...။ (မလာပါဘုရား)၊ ဒါ အလုပ်ဝင်တဲ့ အချိန်ဆိုတာနော်...။ (မှန်ပါ့)။

ဦးခင်မောင် ဘယ်အချိန်ပါလိမ့်...။(အလုပ်ခွင်ဝင်တဲ့ အချိန်ပါဘုရား)၊ အဲ...အလုပ်ခွင်ဝင်တဲ့အချိန် ပြောတာ၊ အိမ်မှာ နေတဲ့အခါ ဒါဟာ ညီမပဲ၊ ဒါဟာ မောင်ပဲ၊ ဒီလိုဟာ ကိစ္စမရှိပါဘူး၊ အလုပ်ခွင့်ဝင်တဲ့အချိန်မှာ ရဲရဲတင်းတင်း သူတစ်ပါး ပြောသံကြားနဲ့ မဟုတ်ဘဲနဲ့ ကိုယ့်ဉာဏ်ထဲတွင် ကိုယ်ဆုံးဖြတ်ချက်ချလို့ ဩော်...တကယ်တမ်းကိုပဲ စိတ်ချရပြီ၊ တကယ်တမ်းကို အမှန်ပါပဲ၊ သူတစ်ပါးပြောနဲ့ မဟုတ်ပါဘူး၊ ကိုယ်တိုင်ကို ဒီအတိုင်း ဆုံးဖြတ်ချက်ချကြလို့ရှိရင်တော့ ဒါ သောတာပန် အစစ်ဖြစ်တာပဲ...။ (မှန်ပါ့)၊ ဦးဘအုန်း ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ဒကာ ဒကာမတို့ ယုံမှားခြင်းကို လွတ်မြောက်တာရယ်၊ ပုဂ္ဂိုလ် သတ္တဝါ ရှိသေးသလားလို့ တွေးတောခြင်း ကင်းတာရယ်၊ ရဲရဲတင်းတင်း ဆုံးဖြတ်ချက် ချတာရယ်၊ သူတစ်ပါးပြောတာတွေကို လုံးဝဂရုမစိုက်ဘဲနဲ့ ကိုယ်ကိုယ်တိုင် ဆုံးဖြတ်ချက်ချတာရယ်၊ ဤလေးချက်နဲ့

ညီလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေဟာ သမ္မတ္တ နိယတာ ဓမ္မာ ဆိုက်ပြီလို့ မှတ်လိုက်...။ (မှန်ပါ့ဘုရား)။

မဖောက်မပြန် အကျိုးပေးမြဲတဲ့မဂ်သို့ ဆိုက်ချေပေါ့...။ (မှန်ပါ့)၊ အပါယ်လေးပါးကို ဘာမှ ကြောက်နေစရာ မရှိတော့ဘူး...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဆင်းရဲမှာလဲ မကြောက်နဲ့တော့၊ ချမ်းသာမှာလဲ ဝမ်းမသာနဲ့တော့၊ ဒီပြင်ဟာတွေ အပိုတွေပဲဆိုတာ အကုန်ဆုံးဖြတ်ချက်ချပြီးသကာလ ဪ...သူတော်ကောင်း ရတနာ အစစ် ခုနစ်ပါးက ဝမ်းထဲမှာ တွေ့သွားသောကြောင့် ရတနာ အစစ် ရောက်တဲ့ ပုဂ္ဂိုလ်မို့ လူချမ်းသာအစစ်သို့ ဦးခင်မောင် သေသေချာချာရောက်သွားပြီ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

## သူတော်ကောင်းရတနာ(၇)ပါးဆိုတာ

သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟီရိ, ဩတ္တပ္ပ ဆိုတဲ့ သူတော်ကောင်းရတနာ ကိန်းဆိုက်သွားပြီ...။ (မှန်ပါ့)၊ အဲဒီကစမှ လူချမ်းသာဖြစ်တယ်...။ (မှန်ပါ့)။

အခု လူချမ်းသာဆိုတာက ဒကာ ဒကာမတို့ သူခိုးကြောက်ရ၊ ဓားပြကြောက်ရ၊ ဘာကြောက်ရ၊ ညာကြောက်ရ

နဲ့ အမျိုးမျိုး မစိုးရိမ်ရဘူးလား...။ (စိုးရိမ်ရပါတယ်)၊ ဒါတွေက ရတနာမစစ်သေးတော့ သူ့ကြောင့် ပူရတယ်...။ (မှန်ပါ့)။

**ရတနာဆိုတာ**

ရတနာဆိုတာက ရတိံ ဇနေတီတိ ရတနာဆိုတဲ့ အတိုင်း ရတိံ=နှစ်သက်ခြင်းကို၊ ဇနေတိ=ဖြစ်စေတတ်တယ် ဆိုတော့ သူ့အတွက်နဲ့ ဝမ်းသာ ဝမ်းမြောက်နေရမှာကို အခုတော့ သူ့အတွက်နဲ့ ပူချည့်နေရတယ်...။ (မှန်ပါ့)။

တိုက်ရှိရင် တိုက်အတွက် စိုးရိမ်နေရတယ်၊ အိမ်ရှိရင် ကော...(အိမ်အတွက် စိုးရိမ်ရပါတယ်)၊ ကုန်ရှိရင်ကော... (ကုန်အတွက် စိုးရိမ်ပါတယ်ဘုရား)။

ဒါ ဘာကြောင့်ပါလိမ့်မတုံး...၊ နှစ်သက်ခြင်းကို ဖြစ်စေနိုင်သလားဆိုတော့ နှစ်သက်ခြင်းကို မဖြစ်စေနိုင်တဲ့အပြင် အပူတောင်ပေးနေလိုက်သေးတယ်...။ (မှန်ပါ့)၊ မပေးဘူးလား...။ (ပေးပါတယ်ဘုရား)။

ဒီကုန် ရောက်လာကတည်းကိုက တက်များသွားရင် တော်သေးရဲ့၊ ကျများသွားရင်တော့ ခက်ချေရဲ့...။ (မှန်ပါ့)၊ မလာဘူးလား...။ (လာပါတယ်ဘုရား)။

## ရတနာသူဌေး မရှိသေးလို့ မှတ်

အဲ...လာတယ်ဆိုကတည်းက ဒါဟာ ရတနာအစစ် ဟုတ်ကဲ့လား...။ (မဟုတ်ပါဘုရား)၊ အဲ...အခု လောက ကြီးထဲမှာရှိတာက ရတနာသူဌေးမရှိသေးလို့ မှတ်လိုက် စမ်းပါ...။ (မှန်ပါ့)၊ ခုနင်က ပြောပြောနေတဲ့ လေးချက် မြင်တဲ့ ပုဂ္ဂိုလ်ကျမှ ရတနာသူဌေးဖြစ်သွားတယ်၊ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟီရိ, ဩတ္တပ္ပဆိုတဲ့ သူတော် ကောင်း ရတနာခုနစ်ပါး ပြည့်စုံပြီးသကာလ နေတဲ့အတွက် ဘယ်တော့မှ မဆင်းရဲဘူး...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ကောင်းပြီ...၊ ဒါဖြင့် ဒကာ ဒကာမတို့ ယနေ့ ပြောတာဟာ ဆရာဘုန်းကြီးသည် အထူးပဲ ဂရုစိုက်ပြီး သကာလ ပြောတယ်ဆိုတာလဲ သိပါလိမ့်မယ်...။ (မှန်ပါ့)။

အဲဒီတော့ ဒီပြောတာကို အသာထားပါ၊ ခင်ဗျားတို့ အိမ်ကျတော့ လုပ်ဖြစ်အောင်လုပ်ပါလို့ သတိပေးလိုက် တယ်...။ (မှန်ပါ့ဘုရား)၊ အခု ဒီအမြင်ကလေးနဲ့ လျော် အောင်ပေါ့ဗျာ...။ (မှန်ပါ့)။

ခန္ဓာကိုယ်ကြည့်လိုက်၊ စိတ်ကလေး ပေါ်လာတာကြည့် လိုက်၊ တစ်ချီ ရုပ်ကလေး ပေါ်လာတယ်၊ ပူတယ်၊ အေးတယ်၊ ဒီလို အေးရုပ်၊ ပူရုပ်ကလေးတွေကြည့်လိုက်...

(မှန်ပါ့)၊ အေးရုပ်ကလေးကလဲ အေးပြီး ပျက်သွားတာပဲ...။ (မှန်ပါ့)၊ပူရုပ်ကလေးကလဲ ပူပြီး ပျက်သွားတာပဲ...။ (မှန်ပါ့)။

ဝေဒနာကလဲ ဝေဒနာကလေးသာ ဆိုရတယ်၊ တော်တော်ကြာကျတော့ ပျက်သွားတာပဲ...။ (မှန်ပါ့)။

ဘယ်မှာတုံး...၊ ငါတို့၊ သူတို့၊ ယောကျာ်းတို့၊ မိန်းမတို့၊ ငါ နာတာ၊ သူ နာတာ၊ ငါ့စိတ်,သူ့စိတ်ဆိုတာ ရှိသေးရဲ့လား...။ (မရှိပါဘုရား)။

ဘာတွေရှိနေသတုံးဆိုရင်ဖြင့် ဓမ္မဖြစ်၍ ဓမ္မပျက်တာပဲ ရှိတာပဲ...။ (မှန်ပါ့ဘုရား)၊ သဘောကျပလား...။ (ကျပါပြီ ဘုရား)။

ဘာရှိသတုံး...။ (ဓမ္မဖြစ်၍ ဓမ္မပျက်တာပဲ ရှိပါတယ်ဘုရား)၊ ဓမ္မဖြစ်၍ ဓမ္မပျက်တာပဲရှိတယ်ဆိုတော့ ဓမ္မစဉ်ကြီးတန်းနေတာ၊ ဓမ္မတစ်ခုချုပ်ပြီး ဓမ္မတစ်ခုဖြစ်တာပဲ၊ ဦးဘအုန်းဒို့ပြင် ဘာရှိသေးသတုံး...။ (မရှိပါဘုရား)၊ ဘယ်မှာတုံး...၊ ပုဂ္ဂိုလ် သတ္တဝါရှာလို့ ရသေးရဲ့လား...။ (မရပါဘုရား)။

အဲ...ပုဂ္ဂိုလ် သတ္တဝါဆိုတာ အခု ဆရာဘုန်းကြီးကလဲ ဟောလိုက်တယ်၊ ကိုယ်တိုင်ကြည့်တော့လဲ ဒီအတိုင်းတွေ့ရပါတယ်လို့ ဆရာဘုန်းကြီး ဟောတာနဲ့ ကိုယ်တိုင်ကြည့်တော့လဲ ဒီအတိုင်းဆိုတော့ ဒါဖြင့် ဟုတ်ပြီလို့သာ နောက်ကသေသေချာချာ ဆုံးဖြတ်ချက်ချနိုင်လို ရှိရင် ဒါ...သောတာပန်ပဲ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် ဒကာ ဒကာမတို့ အင်မတန် နေရာကျတဲ့ အမြင်မှန်ပဲဆိုတာ သဘောကျပလား...။ (ကျပါ ပြီ ဘုရား)။

ဒီနေ့ ဘာဟောနေသလဲလို့ မေးလို့ရှိရင် မနေ့က ဝိပဿနာဉာဏ်က မဂ်ဉာဏ်ကူးတော့ သောတာပန် တည် သွားတာကို ဟောပြီးသား ဖြစ်နေသောကြောင့် သောတာပန် ပုဂ္ဂိုလ်ဟာ ကိုယ့်ဟာကိုယ် သောတာပန်ဖြစ်တယ်၊ မဖြစ် တယ် ဆုံးဖြတ်ချက်ချနိုင်တဲ့ လေးချက်ကို ဟောနေတာ...။ (မှန်ပါ့)၊ သဘောပါကြပလား...။ (ပါ,ပါပြီဘုရား)။

**သောတာပန်၏အမြင်လေးချက်**

သောတာပန်ဖြစ်ပြီးတော့ ဒီလေးချက်ဟာ ကိုယ့်ဉာဏ် ထဲမှာဖြင့် ရှင်းရှင်းလင်းလင်းဖြစ်ရမယ် ဦးခင်မောင်...။ (မှန်ပါ့ဘုရား)။

(၁) ပုဂ္ဂိုလ်သတ္တဝါရှိတယ်ဆိုတဲ့ ယုံမှားခြင်းကို လွန် မြောက်ရမယ်၊

(၂) ပုဂ္ဂိုလ်သတ္တဝါရှိတယ်လို့ တွေးတောခြင်းလဲ ကင်း ရမယ်၊

(၃) ပုဂ္ဂိုလ် သတ္တဝါ လုံးဝမရှိဘူးလို့ ရဲရဲတင်းတင်းလဲ ဆုံးဖြတ်ချက်ချရမယ်၊

(၄) ပုဂ္ဂိုလ် သတ္တဝါ မရှိတာသည်ကားလို့ဆိုလို့ရှိရင် သူတစ်ပါးပြောသံကြားနဲ့ မရှိတာ မဟုတ်ဘူး၊ ကိုယ့်ကိုယ်တိုင်သိပြီး မရှိတာလို့လဲ ဆုံးဖြတ်ချက် ချနိုင်ရမယ်၊

ဤလေးချက်နှင့်ညီလို့ရှိရင်ဖြင့် မနေ့က ဝိပဿနာဉာဏ်က မဂ်ဉာဏ်ကူးသွားလို့ တကယ် သောတာပန် တည်သွားတဲ့ ပုဂ္ဂိုလ်မှာ ဒီအမြင်လေးခုသည် ဘယ်အချိန် ကြည့်လိုက်–ကြည့်လိုက် ပေါ်တာပဲ...။ (မှန်ပါ့)၊ သဘောပါပလား...။ (ပါ့,ပါပြီဘုရား)။

ဒါဖြင့် ဒီအမြင်လေးခုလောက် အရေးကြီးတာ ဘယ်မှာရှာတွေ့မလဲ...။ (မှန်ပါ့)။

ကောင်းပြီ...ဒါဖြင့် ဒကာ ဒကာမတွေ ဒီအမြင်ရောက်ဖို့ရာ ခဲယဉ်းနိုင်သလား၊ မခဲယဉ်းနိုင်ဘူးလားဆိုတာတွေးကြည့်ပါ...။ (နည်းလမ်းကျနမှန်ကန်သွားရင် မခဲယဉ်းနိုင်ပါဘုရား)၊ ဒကာ ဒကာမတို့ ခန္ဓာကိုယ်ထဲမှာ ရှုကြည့်ပါ...။ (မှန်ပါ့)။

စားချင်တဲ့စိတ်ကလေး ပေါ်လာတယ် ရှိသေးရဲ့လား...။(မရှိပါဘုရား)၊ပေါ်ပြီး ပျက်သွားတာပဲ...။ (မှန်ပါ့)၊ ဘယ်မှာတုံး၊ သူ့ဟာသူ ပေါ်ပြီး သူ့ဟာသူ ပျက်တာငါကော ဟုတ်သေးရဲ့လား...။ (မဟုတ်ပါဘုရား)။

ဘယ်ဟုတ်မတုံး…၊ စားချင်တဲ့စိတ်ပါလို့ ဆိုနေတဲ့ ဥစ္စာပဲ၊ စိတ်ဆိုတာ ဝိညာဏက္ခန္ဓာပေါ့…။ (မှန်ပါ့)၊ ဝိညာဏက္ခန္ဓာ ဖြစ်၍ ဝိညာဏက္ခန္ဓာပျက်တာပဲ…။ (မှန်ပါ့)၊ ငါ ပါသေးသလား…။ (မပါ,ပါဘုရား)။

ယားလိုက်တာဆိုတော့ ဒုက္ခဝေဒနာကလေး ပေါ်တယ်…။ (မှန်ပါ့)၊ ဒီနေရာမှာပဲ ချုပ်သွားတယ်ဆိုတော့ ဘယ်မှာတုံး၊ ငါပါရမှာ၊ ဒုက္ခဝေဒနာပေါ်၍ ဒုက္ခဝေဒနာ ပျက်တာပဲရှိတယ်…။ (မှန်ပါ့)။

လေကလေးတိုက်လို့ အေးလိုက်တာဆိုတော့ အေးတဲ့ ဒုက္ခဝေဒနာကလေး ပေါ်တာပဲ၊ တော်တော်ကြာတော့ ဘယ်သူပျက်သွားတာတုံး…။ (ဒုက္ခဝေဒနာ ပျက်သွားတာ ပါဘုရား)၊ အေးတဲ့ ဒုက္ခဝေဒနာပဲ ဒီနေရာမှာ မရှိတာဘဲ၊ ဝေဒနာဖြစ်၍ ဝေဒနာပျောက်တာပဲ ရှိတယ်…။ (မှန်ပါ့)၊ ဘယ်မှာတုံး ပုဂ္ဂိုလ် သတ္တဝါ ပါသေးရဲ့လား…။ (မပါ,ပါဘုရား)။

အဲဒီလိုချည့် ဒကာ ဒကာမတွေက ဝေဒနာဖြစ်၍ ဝေဒနာပျက်တာပဲ၊ စိတ်ဖြစ်၍ စိတ်ပျက်တာပဲ၊ ရုပ်ဖြစ်၍ ရုပ်ပျက်တာပဲ၊ ဒီလိုချည့်ပဲ၊ ဉာဏ်ထဲမှာ ရှင်းရှင်း–ရှင်းရှင်း ပြီး ထားမယ်ဆိုလို့ရှိရင်ဖြင့် ဩော်…တကယ့်ကို ယုံမှား စရာမလိုပါဘူး၊ တွေးတောစရာလဲ မလိုပါဘူး၊ ရဲရဲတင်းတင်း ပဲ ပုဂ္ဂိုလ် သတ္တဝါ မရှိဘူးဆိုတာ ဆုံးဖြတ်ဖို့ပါပဲ၊ သူ

တစ်ပါး ပြောသံကြားနဲ့လဲ မဟုတ်တော့ပါဘူး၊ ကိုယ်တိုင်လဲ သေချာပါပြီဆိုတဲ့ စကားလေးချက် သုံးနိုင်ရမယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဒီစကားလေးချက် သုံးနိုင်လို့ရှိရင် ဘုန်းကြီးတို့ဒကာ ဒကာမတွေဟာ အိမ်မှာနေရင်လဲ ဖြစ်တယ်လို့အောက်မေ့ပါ၊ အိမ်မှာနေရင်လဲ တွေးသာနေ၊ ခန္ဓာထဲပေါ်လာတာကိုသာ ဉာဏ်ထဲမှာ တွေးတွေး-တွေးတွေးပြီးသကာလ နေကြမယ်ဆိုရင်ဖြင့် ဘာမှ ဝန်လေးစရာအလုပ်မဟုတ်ဘူးဆိုတာ ဆုံးဖြတ်ချက်ချပါ...။ (မှန်ပါ့)။

**ကုရုတိုင်းက ပြည်သူတွေလို**

ကုရုတိုင်းတစ်တိုင်းလုံးမှာ ယောကျ်ားတွေရော၊ မိန်းမတွေရော ဒီလို နှလုံးသွင်းတာနဲ့ ခရီးရောက်သွားကြတာတွေအများကြီးပါပဲ...။ (မှန်ပါ့)၊ နှလုံးသွင်းတည့်ဖို့ပဲ အရေးကြီးတယ်၊ နှလုံးသွင်းတည့်သွားရင် ပြီးနိုင်တာပဲ...။ (မှန်ပါ့)။

နှလုံးသွင်းတည့်သွားတယ်ဆိုတာက ဝေဒနာပေါ်တာကို ဝေဒနာပေါ်တယ်လို့သိလိုက်ရင် နှလုံးသွင်းတည့်ပြီ...။ (မှန်ပါ့ဘုရား)၊ ဝေဒနာပေါ်တာကို ဝေဒနာပဲလို့ဆိုတော့နှလုံးသွင်းကမတည့်သေးဘူးလား...။ (တည့်ပါတယ်ဘုရား)၊ ငါ ယားလိုက်တာဆိုတော့ နှလုံးသွင်း မှားတယ်...။ (မှန်ပါ့)။

ဒါဖြင့် နှလုံးသွင်းတည့်သွားတော့ ဝေဒနာပေါ်ရင်

ဝေဒနာ ပေါ်တယ်လို့သိတော့ နှလုံးသွင်းတည့်တယ်...။ (မှန်ပါ့)၊ စိတ်ပေါ်ရင် စိတ်ပေါ်တယ်လို့ သိလိုက်တာ နှလုံးသွင်း တည့်တယ်...။ (မှန်ပါ့)။

**နှလုံးသွင်းသာ တည့်ပါစေ**

နှလုံးသွင်းတည့်လို့ရှိရင်ဖြင့် ယောနိသော မနသိကာရ ဖြစ်တော့ကို နှလုံးသွင်းတည့်ပြီးလို့ရှိရင်ဖြင့် ဒီတရားကလေးဟာ အနိစ္စဖြစ်ပြီး ပျက်တာပဲလို့ သိလို့ရှိရင် ပုဂ္ဂိုလ် သတ္တဝါ ရောသေးသလား...။ (မရောပါဘုရား)။

ပေါ်တာကို နှလုံးသွင်းလိုက်၊ ဝေဒနာပေါ်ရင် ဝေဒနာပေါ်တယ်လို့သာမှတ်၊ စိတ်ပေါ်ရင်...(စိတ်ပေါ်တယ်လို့သာ မှတ်ပါ)၊ စိတ်ပေါ်တယ်လို့သာ မှတ်ပါတဲ့ ဒကာ ဒကာမတို့၊ အဲဒီကဲ့သို့ မှတ်ထားတော့ နှလုံးသွင်းသာ တည့်သွားပြီဆိုမှဖြင့် တရားကပဲ ဟောသွားတော့မှာပဲ...။ (မှန်ပါ့)။

ဝေဒနာပေါ်တယ်ဆိုတော့ ဝေဒနာပေါ်ပြီး ဒီအတိုင်း နေမယ့် တရားလားဗျာ...။ (မဟုတ်ပါဘုရား)၊ ပျက်မည့် တရား မဟုတ်လား...။ (မှန်ပါ့)။

ဝေဒနာပေါ်တော့ ဉာဏ်နဲ့ကြည့်လိုက်၊ ဝေဒနာပျက်သွားပြီဆိုတော့ ပုဂ္ဂိုလ် သတ္တဝါ ရောသေးသလား...။ (မရောပါဘုရား)၊ ရောစရာကို ပါသေးရဲ့လား...။ (မပါ,ပါဘုရား)။

ဒီစိတ်ကလေးပေါ်လာတယ်ဆိုတော့ နှလုံးသွင်းတည့်ပြီ...။ (မှန်ပါ့)၊ ပျက်သွားတယ်ဆိုတော့ ဒကာ ဒကာမတို့ အနိစ္စဉာဏ် ဝင်မလာဘူးလား...။ (ဝင်လာပါတယ်ဘုရား)၊ ပထမနှလုံးသွင်းတည့်လို့ရှိရင် နောက်က ဝိပဿနာဉာဏ် အမှန်ဖြစ်တယ်...။ (မှန်ပါ့)။

ဦးဘအုန်း ဘာတဲ့တုံး...။ (နှလုံးသွင်းတည့်လို့ရှိရင် ဝိပဿနာဉာဏ် ဝင်ပါတယ်)၊ နှလုံးသွင်းတည့်တယ်ဆိုလို့ ရှိရင် ဝိပဿနာဉာဏ်ဝင်တာပဲ...။ (မှန်ပါ့)၊ နှလုံးသွင်းက နဂိုကိုက မတည့်ဘူးဆိုလို့ရှိရင် ဝိပဿနာဉာဏ်က မလိုက်နိုင်ဘူး...။ (မှန်ပါ့ဘုရား)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဒါ့ကြောင့်...

**ယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာ ကုသလဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဘာဝနာ ပါရိပူရိံ ဂစ္ဆန္တိ။**

ဘုရားက အင်္ဂုတ္တိုရ်မှာ ဟောတယ်၊ နှလုံးသွင်း မှန်ပေးလို့ရှိရင် မဖြစ်သေးဘူးဆိုတဲ့ မဂ် ဖြစ်ရမယ်၊ ဖြစ်ပြီး မဂ်သည်ကားလို့ဆိုရင် ခဏခဏ ပွားများတဲ့ အခြေအနေ ရောက်ရတော့မယ်...။ (မှန်ပါ့)၊ နှလုံးသွင်းတည့်ဖို့ပဲ အရေးကြီးတယ်...။ (မှန်ပါ့)၊ ရှင်းကြပလား...။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ပေါ်လာတဲ့ ဓမ္မကို သူ့နာမည် မပေးချင်ထားပါတော့၊ စာမတတ်လို့ နာမည်မပေးချင်ရင် ထားပါတော့...။ (မှန်ပါ့)။

**ဓမ္မပေါ်ပြီး ဓမ္မပျောက်တာ သိပေး**

ဩော်...ဒါဟာ ဓမ္မကလေးပေါ်ပြီး ဓမ္မကလေးပျောက်တာကိုး...။ (မှန်ပါ့)၊ စာတတ်မှ နာမည်ပေးတတ်တာကိုး...။ (မှန်ပါ့)၊ စာမတတ်တဲ့ ပုဂ္ဂိုလ်က နာမည်ပေးချင်လို့...(မရပါဘုရား)၊ မရနိုင်တော့ ဩော်... ဒါကလေးဟာ ဓမ္မကလေး ပေါ်လာပြီး အခု ဓမ္မကလေးပျက်ပြီ...။ (မှန်ပါ့)၊ ဓမ္မပေါ်လာတယ်ဆိုရင်ပဲ နှလုံးသွင်းတည့်ပြီ...။ (မှန်ပါ့)။

ဦးဘအုန်း ဘာတဲ့တုံး...။ (ဓမ္မပေါ်လာတယ်ဆိုရင် နှလုံးသွင်းတည့်ပါပြီဘုရား)။

အဲဒီတော့ ဒကာ ဒကာမတို့ ဘုန်းကြီးက အားပေးနေတယ်လို့ ခင်ဗျားတို့က မယူပါနဲ့၊ အမှန်ပြောနေတယ်လို့ ဆုံးဖြတ်ချက်ချပါ...။ (မှန်ပါ့)၊ အားပေးနေတယ်လို့ ယူလိုက်လို့ရှိရင်ဖြင့် ခင်ဗျားတို့မှာ ပေါ့သွားမယ်...။ (မှန်ပါ့)။

ဆရာဘုန်းကြီးက အခု ဟောနေတာက အားပေးနေတာ မဟုတ်ပါဘူး၊ အမှန်ကို ပြောနေလို့ ခင်ဗျားတို့က အမှန်အတိုင်းသာ ကျင့်ဖို့ပဲ အရေးကြီးတယ်...။ (မှန်ပါ့)၊

အားပေးနေတယ်ဆိုတဲ့ဥစ္စာက ဦးခင်မောင် ကလေးအငိုတိတ်အောင် လုပ်တာနဲ့ တယ်တူတယ်...။ (မှန်ပါ့)၊ ကလေး အငိုတိတ်အောင်ဆိုတော့ ခင်ဗျားတို့က ကလေးတွေမှ မဟုတ်ဘဲ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ ဘုရား)။

## သုပ္ပဗုဒ္ဓလို၊ သူရာမုခလို ပုဂ္ဂိုလ်တွေ

အားပေးတာ မဟုတ်ပါဘူး၊ ခမ္မပေါ်တယ်လို့ သိလို့ ရှိရင် တော်ပါပြီ...။ (မှန်ပါ့)၊ ဘာ့ကြောင့်တုံးဆိုတော့ ဘုရား လက်ထက်က ဘေးကနေပြီး တရားနာတဲ့ သုပ္ပဗုဒ္ဓတို့လို သူရာမုခတို့လို ပုဂ္ဂိုလ်တွေ ဘယ်က လာတာပါလိမ့်မတုံး ဗျ...၊ ဘယ်က ဘာဖြစ်လာပြီလို့ အမည်နာမ သိဖို့ မလွယ် ပါဘူး...။ (မှန်ပါ့)။

ခမ္မကလေးပေါ်လာတာ၊ ဩော်...ဒီခမ္မကလေး ပေါ်ပြီး ခမ္မကလေး ပျက်တာတော့ သိမှာပေါ့ဗျာ...။ (မှန်ပါ့)၊ အဲဒါလောက်နဲ့ပဲ သောတာပန်တည်ကြတာပါပဲ...။ (မှန်ပါ့ ဘုရား)၊ ချောင်းပြီးနာတဲ့ ပုဂ္ဂိုလ်ကလဲ နာရင်း သောတာပန် တည်ကြတာပဲ...။ (မှန်ပါ့)။

---

မှတ်ချက်။ ။သုပ္ပဗုဒ္ဓ–ကိုယ်ရေပြားရောဂါသည်၊ သောတာပန်တည်။
သူရာမုခ–အရက်သမားကြီး သောတာပန်တည်။

အဲဒါ သူတို့က ပါရမီ ရဲရဲတောက်တွေမို့လို့ ခင်ဗျား တို့က ဆိုဦးမယ်...။ (မှန်ပါ)၊ ယောနိသော မနသိကာရ မှန်လို့ ရကြတာပါပဲ...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီ ဘုရား)။

ဒါ...ခင်ဗျားတို့က သူတို့ကတော့ ရဲရဲတောက်တွေ၊ တပည့်တော်တို့က အိုးများ ရေဖုံးနေသလို ကိုယ့်ကိုယ်ကိုယ် သိပ်ပျော့တယ်ထင်တာ...။ (မှန်ပါ)၊ အိုးများ ရေဖုံးနေတော့ ဘယ်တော့ ရဲဦးမှာတုံး...။ (မရဲပါဘုရား)၊ သဘောပါ ပလား...။ (ပါ,ပါပြီဘုရား)။

**ပျော့တဲ့စကား မသုံးနဲ့**

ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ ပျော့တဲ့ စကားကို မသုံးနဲ့...။ (မှန်ပါ)၊ ဓမ္မပေါ်လို့ ဓမ္မပျက်တာ သိအောင်လုပ်...။ (မှန်ပါ)။

သဗ္ဗေဓမ္မာ အနတ္တာလို့ ဟောထားတယ်၊ ဘုန်းကြီးက ဒီဥစ္စာ တန်းဆာဆင်ပြောတာ မဟုတ်ပါဘူး...။ (မှန်ပါ)။

သဗ္ဗေသင်္ခါရာ အနိစ္စာ ဒီအလှူမှာ သင်္ခါရတရား ပေါ် ပြီး သင်္ခါတရားပျက်တယ်၊ ဓမ္မပေါ်ပြီးတော့...(ဓမ္မပျက်ပါ တယ်)၊ ဒါပဲရှိတယ်ဆိုတော့ ဦးခင်မောင် နာမည်ပေးဖို့ လိုသေးသလား...။ (မလိုပါဘုရား)။

အဲဒီတော့ နာမည်ပေးတာကတော့ မြတ်စွာဘုရားက ပေးနိုင်တယ်...။ (မှန်ပါ့)၊ ခင်ဗျားတို့က နာမည်ပေးမနေနဲ့တော့၊ ဓမ္မသိဖို့ အရေးကြီးပါတယ်၊ ဘုရားပေးပြီး နာမည်အတိုင်းပေါ့ သိပေါ့ဗျာ...။ (မှန်ပါ့ဘုရား)။

**ဓမ္မပေါ်လို့ ဓမ္မပျက်တာ သိအောင်လုပ်နေပါ**

ဒီဓမ္မကလေးတစ်ခုပေါ်လာပြီး ဒီဓမ္မကလေးမရှိဘူး၊ နောက်ဓမ္မကလေးတစ်ခု ပေါ်လာပြီး ဒီဓမ္မကလေး မရှိဘူး၊ ဒါကို ခင်ဗျားတို့က သိဖို့အရေးကြီးတယ်...။ (မှန်ပါ့)၊ သဘောပါကြပလား...။ (ပါ၊ပါပြီဘုရား)။

အဲဒီတော့ ဓမ္မပေါ်တယ်လို့သိရင် ယောနိသောမနသိကာရဖြစ်ပြီ...။(မှန်ပါ့)၊ ဓမ္မမရှိဘူးလို့သိရင် ဝိပဿနာဉာဏ်...(မှန်ပါ့)၊ဒါဖြင့် ယောနိသောမနသိကာရ နောက်က ဝိပဿနာဉာဏ်လိုက်ပါ...။ (မှန်ပါ့ဘုရား)။

ဓမ္မပေါ်လာတယ်လို့သိတာက...(ယောနိသော မနသိကာရပါဘုရား)၊ ပုဂ္ဂိုလ် သတ္တဝါပေါ်လာတယ်လို့ သိတာမှ မဟုတ်ဘဲကိုးဗျ...။ (မှန်ပါ့)၊ အကြောင်းတိုက်ဆိုင်လို့ ဓမ္မကလေးတစ်ခု ပေါ်လာတယ်၊ ဥပမာ ယားတဲ့ ဓမ္မကလေး တစ်ခုပေါ်လာတယ်...။ (ယောနိသောမနသိကာရပါဘုရား)။

စားချင်တဲ့ ဓမ္မကလေးတစ်ခု ပေါ်လာတယ်...။ (ယောနိသော မနသိကာရပါ)၊ ဒါကလေးဟာ ပျက်သွားပြီ

လို့ သိလိုက်တဲ့အခါကျတော့ ဝိပဿနာနောက်က လိုက်လာတယ်...။ (မှန်ပါ့ဘုရား)။

ဒါဖြင့် ယောနိသော မနသိကာရ ရှိလို့ရှိရင် ဝိပဿနာက အတည့်ဖြစ်ပါတယ်...။(မှန်ပါ့)၊ယောနိသော မနသိကာရ ရှေ့သွားကမတည့်ရင် ဝိပဿနာ နောက်က လိုက်လို့ကို မရဘူး...။ (မှန်ပါ့)၊ သဘောပါကြပလား...။ (ပါ,ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အားငယ်စရာ ရှိရဲ့လား...။ (မရှိပါ)၊ ကိုင်း...ဒါဖြင့် ယနေ့ပြောချင်တာက ကိုယ့်ဟာကိုယ် ရဲရဲတင်းတင်းနဲ့ ပုဂ္ဂိုလ် သတ္တဝါမရှိတာကို ကိုယ့်ခန္ဓာထဲမှာ မွှေနိုင်သလောက် မွှေပြီးတော့ သိအောင်လုပ်ရမယ်...။(မှန်ပါ့ဘုရား)၊ ဦးခင်မောင် သဘောကျပလား...။ (ကျပါပြီဘုရား)။

**ကိုယ့်ခန္ဓာထဲ မွှေနိုင်သလောက်မွှေပြီး သိအောင်လုပ်ပါ**

ကိုယ့်မနောထဲမှာ...(မွှေနိုင်သလောက်မွှေပြီးတော့ သိအောင်လုပ်ရပါမယ်)၊ မွှေနိုင်သလောက် မွှေပြီး ပုဂ္ဂိုလ် သတ္တဝါ လုံးဝမရှိဘူးလို့ ဆုံးဖြတ်ချက်ချနိုင်လောက်အောင် လုပ်လို့ရှိရင် အဲဒါ သောတာပန် အမြင်လို့သာမှတ်ပါ...။ (မှန်ပါ့ဘုရား)။

ဒါက ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ မြင်ပြီးသား ပုဂ္ဂိုလ်၏အမြင်

ဟာ ဒီအမြင်ပဲလို့ ဘုရားက ဟောတာ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

**မဂ်နောက်က ဖိုလ်နှစ်ကြိမ်သုံးကြိမ်လိုက်တယ်**

ကဲ...ဒါဖြင့် သောတာပန် တည်ပြီးတဲ့ပုဂ္ဂိုလ်၏ အမြင် သေချာပြီနော်...။ (မှန်ပါ့)၊ မနေ့က မဂ်နောက်က ဖိုလ်လိုက် တယ်လို့ ဘုန်းကြီးက ဟောခဲ့တယ်...။ (မှန်ပါ့)၊ ဖိုလ် နှစ်ကြိမ်သုံးကြိမ် တစ်မျိုးပြောခဲ့တယ်...။ (မှန်ပါ့)၊ ဝိပဿနာ နောက်ကလဲ ဖိုလ်လိုက်တယ်လို့ မနေ့က ပြောထားခဲ့ တယ်...။ (ပြောပါတယ်ဘုရား)။

**ဝိပဿနာနောက်ကတော့ ဖိုလ်အများကြီးလိုက်တယ်**

အဲဒါ အဆက်ပြောဖို့ထားခဲ့တာ၊ ဒကာ ဒကာမတွေ သိပြီးသားဖြစ်ပါတယ်...။ (မှန်ပါ့)၊ မဂ်နောက်ကတော့ ဖိုလ် နှစ်ကြိမ် သုံးကြိမ်လိုက်တယ်...။ (မှန်ပါ့)၊ ဝိပဿနာနောက် ကတော့ ဖိုလ်အများကြီးလိုက်တယ်...။ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဖိုလ်ဝင်စားတဲ့ အဓိပ္ပါယ်ကလေး နည်းနည်း ရှင်းပေးပါ့မယ်နော်...။ (မှန်ပါ့)၊ ကိုင်း...ခန္ဓာကိုယ်ကို ကြည့် ကြပါစို့ ဒကာ ဒကာမတို့၊ ခန္ဓာကိုယ် ကြည့်လိုက်တဲ့အခါ ကျလို့ရှိရင်ဖြင့် ဓမ္မဖြစ်၍ ဓမ္မပျက်တာကလေးတွေ မတွေ့ ပေဘူးလား...။ (တွေ့ပါတယ်ဘုရား)။

ဓမ္မဖြစ်၍ ဓမ္မပျက်ကာကလေးတွေချည့် တွေ့တွေ့-တွေ့တွေ့နေတာက ဦးဘအုန်း ဘယ်သူ့အမြင်တုံး...။ (သောတာပန်ပုဂ္ဂိုလ်၏အမြင်ပါဘုရား)၊ သောတာပန်ပုဂ္ဂိုလ်ဆိုတာ သောတာပတ္တိဖိုလ်ကိုဆိုသည်...။(မှန်ပါ့ဘုရား)။

ကောင်းပြီ၊ အဲဒီပုဂ္ဂိုလ်က ဓမ္မကလေးတွေဖြစ်ပြီး ဓမ္မကလေးတွေချည့် ပျက်တာကိုမြင်တော့တယ်...။ (မှန်ပါ့)၊ ဘာမြင်ပါလိမ့်...။ (ဓမ္မကလေးတွေချည့်ဖြစ်ပြီး ဓမ္မကလေးတွေချည့် ပျက်တာကို မြင်ပါတယ်ဘုရား)။

**သောတာပန်ပုဂ္ဂိုလ် ဖိုလ်ဝင်စားတယ်ဆိုတာ**

ခန္ဓာကိုယ်ထဲမှာ ဓမ္မကလေးတွေချည့် ဖြစ်လိုက်၊ ဓမ္မကလေးတွေချည့် ပျက်လိုက်၊ အဲဒါ သောတာပန်ပုဂ္ဂိုလ်က မြင်နေတော့ ဒါကလေးတွေ မြင်ရင်း မြင်ရင်းမတ္တနဲ့ တစ်ခါတည်း ဒီအမြင်ကလေးတွေဟာ ဒကာ ဒကာမတို့ ပထမတော့ ဒါကို မြင်သေးတာပဲ...။ (မှန်ပါ့)၊ ခုနင်ကပြောခဲ့တဲ့ လေးချက်နဲ့ ရဲရဲတင်းတင်း မမြင်ဘူးလား...။ (မြင်ပါတယ်ဘုရား)။

**ဖြစ်ပျက်ကနေပြီး မဂ်မပါဘဲနဲ့ ကူးသွားတယ်**

မြင်ရာကနေပြီးသကာလ ဒကာ ဒကာမတို့ သူကတော့ ဒုက္ခသစ္စာကို ပိုင်းခြားတယ်၊ သမုဒယသစ္စာပယ်တယ်၊

ဒါတွေ မလာတော့ဘူး၊ ဖျတ်ဆို ဒုက္ခသစ္စာ ဖြစ်ပျက်ချုပ်ပြီး နိရောဓ သစ္စာဘက် အာရုံပြုကူးသွားတာပဲ...။ (မှန်ပါ)၊ ဖြစ်ပျက်ကနေပြီး မဂ်မပါဘဲနဲ့ ကူးသွားတယ်...။ (မှန်ပါ ဘုရား)။

ဒကာ ဒကာမတို့ ဘယ်ကိုကူးပါလိမ့်...။ (ဖြစ်ပျက်ကနေပြီး မဂ်မပါဘဲနဲ့ ကူးသွားပါတယ်)၊ ဖြစ်ပျက်ကနေပြီး ဒုက္ခသစ္စာပိုင်းခြား၊ နိရောဓသစ္စာ မျက်မှောက်ပြု၊ သမုဒယ သစ္စာကို ပယ်၊ မဂ္ဂသစ္စာကို ပွားများ၊ ဒီလိုအစီအစဉ်တွေ မလာတော့ဘူး၊ သစ္စာလေးပါး တစ်ပြိုင်နက် မလာတော့ဘူး၊ တစ်ခါတည်း ဒုက္ခသစ္စာလဲချုပ်ပြီး နိရောဓသစ္စာ အာရုံပြု ပေါ်လာတာပဲ...။ (မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီ ဘုရား)။

ဒုက္ခသစ္စာချုပ်ပြီးတော့ နိရောဓသစ္စာ ပေါ်တာပဲ၊ အာရုံပြုသောအားဖြင့် ပေါ်လာတယ်...။ (မှန်ပါ)၊ ဒုက္ခ နိရောဓ ပေါ်လာတယ်၊ ဒါက နိရောဓသစ္စာ နိဗ္ဗာန်၊ ဒါက ဖိုလ်ဇောတွေပေါ့ဗျာ...။ (မှန်ပါဘုရား)။

**ဝိပဿနာနောက်က ဖိုလ်လိုက်လာတယ်**

ဝိပဿနာ ချုပ်သွားပြီး ဝိပဿနာနောက်က ဘာလိုက် သတုံး...။ (ဖိုလ်လိုက်ပါတယ်)၊ ဖိုလ်လိုက်လာတယ်၊ မဂ် လုံးဝမပါဘူး...။ (မှန်ပါဘုရား)။

ဒါဖြင့် ဖိုလ်သည်ကားလို့ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ဘာနဲ့ သူနဲ့ တည့်နေသတုံးဆိုတော့ ဒုက္ခသစ္စာ ချုပ်တဲ့ နိဗ္ဗာန်နဲ့ တည့်နေတာပဲ...။ (မှန်ပါ့)။

**ဖိုလ်သည် နိဗ္ဗာန်နဲ့ တည့်နေတယ်**

ပထမဖိုလ်ပေါ်လာပြီး ပထမဖိုလ်နဲ့ တည့်နေတယ်၊ ပထမဖိုလ်ချုပ်သွားတော့ ဒုတိယဖိုလ်နဲ့ တည့်နေပြန်တယ်၊ နိဗ္ဗာန်ကတော့ အမြဲပေါ့ဗျာ၊ ဖိုလ်ကတော့ အလှည့်နဲ့...။ (မှန်ပါ့)၊ မဆိုနိုင်ဘူးလား...။ (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန် ဖလသဿ ဒုတိယဇောကိုလဲ နိဗ္ဗာန် ဖလသဿ အရမ္မဏ·ပစ္စယေန ပစ္စယော ဆိုတဲ့အတိုင်း မလာ ဘူးလား...။ (လာပါတယ်ဘုရား)၊ နောက် တတိယ ဇောကိုကော...(နိဗ္ဗာန်ဖလသဿပါပဲ)၊ နိဗ္ဗာန်ချည့် တွေ့နေတာ ပဲ...။ (မှန်ပါ့)၊ ဒါဖြင့် နိဗ္ဗာန် ဘယ်လောက်ထိအောင် တွေ့နိုင်သတုံးလို့ မေးလို့ရှိရင်ဖြင့် အရေအတွက်မရှိဘူး...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

**ဖလသမာပတ် ဝင်စားတယ်ဆိုတာ**

နိဗ္ဗာန် ဘယ်လောက် တွေ့ရမှာတုံး...။ (အရေအတွက် မရှိပါဘုရား)၊ အရေအတွက် မရှိအောင် တွေ့ရမှာဆိုလို့ ရှိရင်ဖြင့် ဒကာ ဒကာမတို့ ဒါဟာ ဖလသမာပတ် ဝင်စား

တာလို့သာ မှတ်လိုက်ပေတော့၊ ဖိုလ်စိတ်နဲ့ချည့် နေတော့
တာပဲ...။ (မှန်ပါ့)၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ နက်ဖြန်မှ ပို ရှင်းမယ်၊ နားကြဦးစို့...။

သာဓု...သာဓု...သာဓု...။